ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday, 14 December 2025 ၁၂၀၃၁

**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် နိုင်ငံတော်၏ဒုတိယစာမျက်နှာအစကို ကောင်းမွန်စွာဆောင်ရွက်ပြီး အနာဂတ်တွင် ကောင်းမွန်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုဖော်ဆောင်နိုင်ရေး အားလုံး၏ဝိုင်းဝန်းပါဝင်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်

နေပြည်တော် ဒီဇင်ဘာ ၁၃

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

## ယနေ့ ဖတ်စရာ

EV ဖွံ့ဖြိုးမှုနှင့် အနာဂတ်အလားအလာများ
ဆောင်းပါး စာမျက်နှာ » ၆

ငြိမ်းချမ်းခြင်းမှရသော လူ့ဂုဏ်သိက္ခာ
ဆောင်းပါး စာမျက်နှာ » ၁၀

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေး ပြည်သူလူထုလှုံ့ဆော်ရေး Campaign ဆောင်ရွက်
စာမျက်နှာ ၈

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆို
စာမျက်နှာ ၉

ကြေးမုံ

# နိုင်ငံတော်နှင့် တပ်မတော်ဂုဏ်မြှင့်တင် အမျိုးသမီးများ စွမ်းစွမ်းတမံပါဝင်

အမျိုးသမီးများသည် အားနွဲ့သူများဖြစ်သော်ငြား နိုင်ငံအကျိုး၊ အများပြည်သူအကျိုးစီးပွားအတွက်ဆိုလျှင် အမျိုးသားများနှင့်တန်းတူ ရင်ပေါင်တန်းဆောင်ရွက်နိုင်မှုများကို သမိုင်းကြောင်းတစ်လျှောက်တွင် တွေ့မြင်ရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင်သာမက နိုင်ငံလွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင်ပါ ရှေ့တန်းမှနေ၍ စွမ်းစွမ်းတမံ ပါဝင်ထမ်းရွက်ခဲ့သည့် သမိုင်းမှတ်တမ်းများရှိသည်။

မြန်မာနိုင်ငံ တိုင်းတစ်ပါးလက်အောက်သို့ကျရောက်ပြီး တိုင်းတစ်ပါးကျွန်အဖြစ်နှံ့နစ်မခံလိုသော မြန်မာမျိုးချစ်သူရဲကောင်းများ နယ်ချဲ့ဆန့်ကျင်ရေး တွန်းလှန်လှုပ်ရှားချိန်တွင် အမျိုးသမီးသူရဲကောင်းများပါဝင်ခဲ့သည်ကို တွေ့ရသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်လည်း မြန်မာအမျိုးသမီး ဝံသာနုခေါင်းဆောင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း သမိုင်းတွင် တွေ့မြင်ခဲ့ရသည်။ လွတ်လပ်ရေးရရှိပြီး ပြည်တွင်းသောင်းကျန်းမှုကာလ၌လည်း မြန်မာအမျိုးသမီးသူရဲကောင်းများပါဝင်ခဲ့ရာ သူရမချစ်ပိုဆိုသော အမျိုးသမီးသူရဲကောင်း၏ စွမ်းစွမ်းတမံ ရှုပ်ရှုပ်ချွံချွံစွန့်စွန့်စားစား ဆောင်ရွက်မှုများကို ကမ္ပည်းမော်ကွန်းရေးထိုးထားသည်။

မြန်မာအမျိုးသမီးများသည် ရှေးယခင်ကတည်းက လက်ရုံးတပ်ဖွဲ့၊ ကယ်ဆယ်ရေးတပ်ဖွဲ့နှင့် ၁၉၅၄ ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့သည့် စစ်ဝန်ထမ်းတပ်ဖွဲ့များတွင် မိမိဆန္ဒအလျောက်ဝင်ရောက်ပြီး နိုင်ငံတော်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်များကို ဂုဏ်ယူဖွယ်ရာ မြင်တွေ့ရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင်လည်း မြန်မာအမျိုးသမီးများသည် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်အသီးသီးတွင်ပါ အမျိုးသားများနှင့်ရင်ပေါင်တန်းပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် နိုင်ငံသူ နိုင်ငံသားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည့်အတိုင်း မြန်မာအမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့်တန်းတူ ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေကြသည်ကို တွေ့ရသည်။ တပ်မတော်အနေဖြင့် အမျိုးသမီးတပ်ဖွဲ့ဝင်များကို နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် အမျိုးသားစစ်သည်များနှင့်တန်းတူ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ကို ဖွင့်လှစ်ပြီး လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းကို ဖွင့်လှစ်ခဲ့ရာ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂)ထိတိုင် မွေးထုတ်ပေးနိုင်ခဲ့သည်။

ထိုသို့ မွေးထုတ်ပေးလျက်ရှိခြင်းကြောင့် ယခုအခါ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့များတွင် အမျိုးသမီးစစ်မှုထမ်း အရာရှိ ၉၀၀ ကျော် တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။ အချို့အမျိုးသမီးတပ်ဖွဲ့ဝင်များအနေဖြင့် ကြမ်းတမ်းခက်ခဲသည့် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) တာဝန်၊ စစ်ရေယာဉ်များပေါ်တွင်လိုက်ပါပြီး ပိုင်နက်ရေပြင်ကာကွယ်ရေးတာဝန်၊ အမျိုးသမီးလေသူရဲ ပျံသန်းရေးတာဝန်၊ လေထီးစစ်သမီးတာဝန်များနှင့် နယ်လှည့်ဆေးကုသရေးတာဝန်များကို ရဲဝံ့ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်နေကြသည့်အပြင် နိုင်ငံပေါင်းစုံပါဝင်သည့် ပူးပေါင်းလေ့ကျင့်ရေးများနှင့် တပ်မတော်အဆင့် အားကစားပြိုင်ပွဲများတွင်လည်း ဆုတံဆိပ်များရရှိခဲ့သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် “လက်ရှိကာလ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးတွင်ဖြစ်ပေါ်နေသည့်အခြေအနေအရပ်ရပ်ကို ကြည့်မည်ဆိုပါက နိုင်ငံအတွင်း၌ နေထိုင်ကြသည့် နိုင်ငံသူ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့်ပြည်သူတစ်ရပ်လုံး၏စည်းလုံးညီညွတ်မှုတို့ကို မဖြစ်မနေတည်ဆောက်ထားရန်လိုအပ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံတော်အင်အားကို တောင့်တင်းခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကိုလည်း ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဟူသောစကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်းအင်အားဖြင့်သာ တည်ဆောက်ကြရမည်”ဟု ပြောကြားခဲ့သည်။

နိုင်ငံတော်ကို ပြည်တွင်းအင်အားဖြင့် တည်ဆောက်ရာတွင် အမျိုးသမီးစစ်သည်များအနေဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်စွမ်းဆောင်လျက်ရှိသည်။ ထိုသို့စွမ်းဆောင်နိုင်ခြင်းသည် နိုင်ငံတော်နှင့်တပ်မတော်၏ဂုဏ်ကို မြှင့်တင်ခြင်းဖြစ်သကဲ့သို့ တစ်နည်းအားဖြင့် မြန်မာအမျိုးသမီးများ၏ ကိုယ်ရည်ကိုယ်သွေး မနိမ့်ကြောင်းကို ပြသနိုင်ခြင်းလည်းဖြစ်သည်။ သို့ဖြစ်ရာ အမျိုးသမီးစစ်သည်များသည် နိုင်ငံတော်နှင့် တပ်မတော်ကအားထားရသည့် အမျိုးသမီးအရာရှိကောင်းများအဖြစ် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။ ။


မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်

MCRD

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်

“လူမှုစီးပွားဘဝမြှင့်တင်ဖို့

သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့”


## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် တိုင်းဒေသကြီး / ပြည်နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များတွင် သီတင်းသုံးတော်မူကြသော ဆရာတော်၊ သံဃာတော်များ၊ စာသင်သားသာမဏေများနှင့်သီလရှင်များ ဆွမ်းကွမ်းအခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် အခြားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်လင်းနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဆင်ဖြူရှင်တောရ ဘုန်းတော်ကြီးကျောင်းနှင့် ပါရမီဗုဒ္ဓဝိဟာရ ဘုန်းတော်ကြီးကျောင်းများသို့လည်းကောင်း၊ ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက်ရှိ ရတနာခံပရိယတ္တိစာသင်တိုက်နှင့် သီရိရတနာ ဘုန်းတော်ကြီး ကျောင်းတိုက်များသို့လည်းကောင်း ရောက်ရှိ၍ အဆိုပါကျောင်းတိုက်များတွင် သီတင်းသုံးတော်မူလျက်ရှိကြသည့် ဆရာတော်၊ သံဃာတော်များနှင့် စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်တုန်းမြို့နယ်၌ လယ်ယာမြေဥပဒေ အသိပညာပေးဆွေးနွေး

**ညောင်တုန်း ဒီဇင်ဘာ ၁၃**

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် လယ်ယာမြေဥပဒေ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းမှူး ဦးလှမျိုးက လယ်ယာမြေဥပဒေနှင့် အခြားနည်းသုံးစွဲခွင့်ရရှိရေး ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်၊ လယ်ယာမြေပေါ်တွင်ခွင့်ပြုချက်မရှိဘဲ ငါးမွေးကန်တူးဖော်သည့် လုပ်ငန်းများမရှိစေရေး၊ ငါးမွေးတောင်သူများက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ငါးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်စေရေးတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ၁၃ - ၁၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - | အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |

☆ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ စတင်တာဝန်ယူခဲ့ရသည့်အချိန်တွင် ဆူပူဆန္ဒပြမှုများ၊ လက်နက်ကိုင် အကြမ်းဖက်ခြင်းများ အတိုင်းအတာတစ်ခုအထိ ဖြစ်ပေါ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၌ ပိုမိုများပြားခဲ့ကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေသည့် ကာလလည်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဆူပူဆန္ဒပြမှုများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ဖြေရှင်းနိုင်ခဲ့ပြီး နောက်ပိုင်းတွင် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများ လျော့ပါးသွားခဲ့ကြောင်း၊ ထိုကဲ့သို့ ဆူပူအကြမ်းဖက်မှုများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေမှုများနှင့်ကြုံတွေ့နေရသည့်အချိန်တွင် နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်မှုမရှိဘဲ ဘေးပယောဂများ၊ လှုံ့ဆော်သွေးထိုးမှုများ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်စွန့်ခွာမှု DCS လုပ်ဆောင်မှုများကြောင့် အခက်အခဲ၊ အကျပ်အတည်းများနှင့်လည်း ရင်ဆိုင်ခဲ့ကြရကြောင်း၊ ထို့နောက် ၂၀၂၃ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ လျော့ပါးလာခဲ့ပြီး ဆူပူအကြမ်းဖက်မှုများသည်လည်း လျော့ပါးသွားခဲ့ကြောင်း၊ သို့သော် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်းဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ပေးသွားနိုင်ရန် တပ်မတော်မှအရာရှိကြီးများအား တာဝန်ခွဲဝေပေးအပ်ခဲ့ပြီး ခြောက်လအတွင်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးသဘောထားကွဲပြားမှုများနှင့် နိုင်ငံရေးလှုံ့ဆော်သွေးထိုးမှုများကြောင့် တရားမဝင်ဖွဲ့စည်းထားသည့် CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ပေါ်ပေါက်လာခဲ့ပြီး EAO များမှလည်း အကြမ်းဖက်သင်တန်းများ သင်ကြားပေးခဲ့ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရဖြစ်ပေါ်ခဲ့သည့် ပြဿနာကို နိုင်ငံရေးအရဖြေရှင်းရန်မကြိုးစားဘဲ အကြမ်းဖက်သည့်နည်းလမ်းဖြင့် ဖြေရှင်းရန် လုပ်ဆောင်ခဲ့ကြခြင်းပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလ သမိုင်းကြောင်းနှင့် လွတ်လပ်ရေးရရှိပြီးချိန်တွင် တပ်မတော်မှ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေး ဆောင်ရွက်ခဲ့ရသည့် သမိုင်းကြောင်းများရှိပြီးဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် တပ်မတော်၏သမိုင်းကြောင်းကို သိရှိနိုင်ရန်အတွက် သမိုင်းဖြစ်ရပ်မှန်များကို ဖတ်ရှုလေ့လာကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ သမိုင်းကြောင်းများကို မှန်မှန်ကန်ကန်သိရှိမည်ဆိုပါက တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်နေရမှုအခြေအနေများကိုလည်း သိရှိလာနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ၏လွတ်လပ်ရေးရရှိပြီးချိန်၌ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံ၏အချုပ်အခြာအာဏာ ထိခိုက်လာမှုအပေါ် တပ်မတော်မှ ကျားကုတ်ကျားခဲကြိုးပမ်းကာကွယ်ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်၊ နိုင်ငံရေးခေတ်စနစ်မျိုးစုံတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အစဉ်တစိုက် အလေးထားဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက် ပါလီမန်စနစ်ကို ကျင့်သုံးခဲ့ပြီး ၎င်းနောက်တွင် ဆိုရှယ်လစ်စနစ်ဗဟိုဦးစီးစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် ကောင်းမွန်သည့်အချက်များရှိသကဲ့သို့ အားနည်းချက်များလည်းရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရာတွင် မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ကို ဖော်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်ဗဟိုဦးစီးစနစ်ကို ကျင့်သုံးရာတွင် နိုင်ငံရေးအရ တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့၍ နိုင်ငံရေးထွက်ပေါက်ပိတ်သွားသူများ၏ မကျေနပ်မှု၊ စီမံကိန်းစီးပွားရေးစနစ်ကြောင့် စီးပွားရေးအရ ထွက်ပေါက်ပိတ်ဆို့သွားသူများ၏ မကျေနပ်မှု၊ အုပ်ချုပ်ရေးကဏ္ဍများ၌ ပါတီဝင်များကိုသာ ဦးစားပေးမှုများကြောင့် မကျေနပ်မှုများရှိခဲ့ကြောင်း၊ ၎င်းအပြင် စီးပွားရေးပိတ်ဆို့မှုများကြောင့် နိုင်ငံ့စီးပွားရေးထိခိုက်လာခဲ့ရကြောင်း၊ စနစ်၏အားနည်းချက်ဆိုသည်ထက် လက်တွေ့အကောင်အထည်ဖော်မှု အားနည်းချက်ကြောင့်ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးပြီး အောင်မြင်နေသည့်နိုင်ငံများလည်း ရှိနေဆဲဖြစ်ကြောင်း။

နိုင်ငံတစ်ခုရပ်တည်နိုင်ရေးအတွက် စီးပွားရေးသည် အဓိကအခရာကျသည့်အချက်ဖြစ်ကြောင်း၊ စီးပွားရေးအား ကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် အုပ်ချုပ်ရေးအရ စီမံခန့်ခွဲမှုအားနည်းချက်များ၊ စီးပွားရေးအရ ပိတ်ဆို့မှုများ၊ မှောင်ခိုစီးပွားရေးစနစ်ဖြစ်ပေါ်လာခြင်း၊ သယံဇာတများ တရားမဝင်ထုတ်ယူရောင်းစားခံရခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းလာပြီး ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပေါ်လာစေခဲ့ကြောင်း၊ ထိုသို့ဖြစ်ပေါ်လာခဲ့သဖြင့် တပ်မတော်မှ နိုင်ငံတော်၏ တာဝန်များကို မလွှဲသာမရှောင်သာဖြင့် ယူခဲ့ရကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများ၏အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၁၉၈၈ ခုနှစ်တွင် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်အတွက် အုတ်မြစ်ချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းနိုင်ရေး စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပကာ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလတွင် အစိုးရအနေဖြင့် ဒီမိုကရေစီနှင့်အသားကျနိုင်ရေး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့်လည်း အစိုးရနှင့် လက်တွဲညီစွာဆောင်ရွက်ခဲ့ကြောင်း။

သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ဒီမိုကရေစီ ပထမအစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဖြင့် ဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီစနစ်နှင့် အသားကျမှုမရှိခြင်း၊ အဖွဲ့အစည်းအသီးသီး၏ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် အတိတ်ကာလကဖြစ်ရပ်များအပေါ် သွေးထိုးလှုံ့ဆော်ခြင်းများလည်းရှိခဲ့ကြောင်း၊ ဆိုရှယ်လစ်စနစ်ကျင့်သုံးခဲ့စဉ်ကာလ၌ ဖြစ်ပေါ်ခဲ့သည့် မကျေနပ်ချက်များကို ဒီမိုကရေစီစနစ်ကျင့်သုံးချိန်တွင် အတိတ်၊ ပစ္စုပ္ပန်ရောထွေး၍ အတိုက်အခံပြုလုပ်ခြင်းများ ဖြစ်ပေါ်စေခဲ့သည်ဟု သင်ခန်းစာဖော်ထုတ်ရရှိခဲ့ကြောင်း။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**☆ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် တပ်မတော်၏သမိုင်းကြောင်းကို သိရှိနိုင်ရန်အတွက် သမိုင်းဖြစ်ရပ်မှန်များကို ဖတ်ရှုလေ့လာကြရန်လို**

**☆ သမိုင်းကြောင်းများကို မှန်မှန်ကန်ကန်သိရှိမည်ဆိုပါက တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်နေရမှုအခြေအနေများကိုလည်း သိရှိလာနိုင်မည်**

**☆ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်၊ နိုင်ငံရေးခေတ်စနစ်မျိုးစုံတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အစဉ်တစိုက် အလေးထားဆောင်ရွက်ခဲ့**

☆ စာမျက်နှာ ၃ မှ

ထို့နောက် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် NLD ပါတီက အနိုင်ရရှိခဲ့ပြီး ဒီမိုကရေစီဒုတိယအစိုးရအဖြစ် နိုင်ငံတော်၏တာဝန်များကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့တာဝန်ယူဆောင်ရွက်ချိန်တွင် ၎င်းတို့အပေါ် ပြည်သူလူထုကများစွာမျှော်လင့်ထားခဲ့သော်လည်း စီမံခန့်ခွဲမှုအတွေ့အကြုံအားနည်းမှုများ၊ ယခင်အစိုးရ၏ လုပ်ဆောင်မှုများကို အတိုက်အခံဆောင်ရွက်မှုများကြောင့် စီးပွားရေးအရ အားနည်းချက်များ ဖြစ်ပေါ်ခဲ့ကြောင်း၊ စတင်တာဝန်ယူစဉ် နှစ်နှစ်အတွင်း ပြည်ပအကူအညီများ များစွာရရှိခဲ့ပြီး နိုင်ငံ့စီးပွားရေးအားကောင်းခဲ့သော်လည်း နောက်ပိုင်းတွင် စီမံခန့်ခွဲမှုအားနည်းခြင်း၊ ပြည်ပနိုင်ငံများမှ အထောက်အပံ့များဖြင့်သာ စီးပွားရေးလည်ပတ်လျက်ရှိပြီး ပြည်တွင်းစီးပွားရေး အားပေးမှုမရှိခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ မရှိခြင်း၊ နိုင်ငံ၏ပကတိအခြေအနေနှင့် မကိုက်ညီသည့် နိုင်ငံခြားသားအကြံပေးများ၏ အကြံဉာဏ်များအတိုင်း ဩဇာခံဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ လုပ်ဆောင်မှုအားနည်းချက်များ၊ စီမံခန့်ခွဲမှု အားနည်းချက်များကြောင့် ပြည်သူလူထုကလည်း ၎င်းတို့အပေါ် အယုံအကြည်အားနည်းလာသဖြင့် ၎င်းတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အနိုင်ရရှိနိုင်ရန် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့ပြီး ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့ချိန်တွင် မဲမသမာမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်တွေ့ရှိရကြောင်း။

ထိုကဲ့သို့မဲစာရင်းကွဲလွဲမှုများ ကြီးမားစွာဖြစ်ပေါ်ခဲ့မှုအပေါ် တပ်မတော်အနေဖြင့် တာဝန်ရှိသူများက စိစစ်အရေးယူဆောင်ရွက်ပေးရန်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့ထံသို့ အကြိမ်ကြိမ်အသိပေးအကြောင်းကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ခြင်းမရှိသည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန်ဆောင်ရွက်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်အား ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရချိန်အတွင်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်လာသည့် ဆူပူအကြမ်းဖက်မှုများနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ နယ်မြေချဲ့အမြတ်ထုတ်လိုမှုများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ၊ မုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံမှု စသည့်သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုများ၊ ထိခိုက်ဆုံးရှုံးမှုအများအပြားဖြစ်ပေါ်စေခဲ့သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုများ စသည့်အခက်အခဲ၊ အကျပ်အတည်းမျိုးစုံကြားမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

**လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်**

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပပေးနိုင်ရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအပါအဝင် လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီရက်သတ္တပတ်ကာလအတွင်း လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲများပေးရာတွင် တိုင်းပြည်နှင့် ဒေသကောင်းကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ လွတ်လပ်ရေးရရှိပြီးကတည်းက ယနေ့ထက်တိုင် ခိုင်မာစွာတည်ရှိနေသည့် တပ်မတော်နှင့် စိတ်တူကိုယ်တူလက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သည့်သူ၊ ဥပဒေနှင့်ပတ်သက်၍ အသိပညာရှိသူများကို ရွေးချယ်၍ ဆန္ဒမဲများပေးနိုင်ရန် လိုကြောင်း၊ တပ်မတော်သည် နိုင်ငံတော်နှင့် အမျိုးသားရေးကို သစ္စာရှိစွာဖြင့် ခေတ်အဆက်ဆက်ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ လွှတ်တော်ဆိုသည်မှာ ဥပဒေပြုရေးကို ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံတော်ကို အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး စသည့်မဏ္ဍိုင်ကြီးသုံးခု အပြန်အလှန်ထိန်းကျောင်းရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်ဥပဒေများကို ဥပဒေနှင့်အညီ ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်းများကိုလည်း ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥပဒေပညာရပ်များကို သိရှိနေရန်လိုကြောင်း၊ သို့ဖြစ်၍ နိုင်ငံ၏ ဥပဒေပြုရေးဖြစ်သည့် လွှတ်တော်တွင် ကိုယ်စားလှယ်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့်သူများအနေဖြင့် ထိုက်သင့်သည့်အတန်းပညာရှိရန်လိုကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့်သူများအနေဖြင့် အနည်းဆုံးအဆင့် တက္ကသိုလ်ဝင်တန်း တက်ရောက်ပြီးဆုံးသူများ ဖြစ်ရန် သတ်မှတ်ထားရှိခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးရာတွင် ဥပဒေကို မဖြစ်မနေသိရှိနေရန်လိုကြောင်း၊ KG + 12 တက်ရောက်ပြီးသူများအနေဖြင့် အခြေခံပညာအဆင့် သင်ကြားပြီးချိန်တွင် အနည်းဆုံးအသက် ၁၈ နှစ်ပြည့်သူများဖြစ်လာမည်ဖြစ်သဖြင့် ဆန္ဒမဲပေးနိုင်သည့် အသက်အရွယ်များဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေအသိပညာများသိရှိစေရေး မိမိတို့အနေဖြင့် KG+12 တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား ဥပဒေအသိပညာများကို သင်ကြားပေးနေခြင်းဖြစ်ကြောင်း။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး**

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့အစိုးရတာဝန်ထမ်းဆောင်ချိန်တွင် စီးပွားရေးအရ ပိတ်ဆို့မှုများရှိခဲ့ပြီး ပြည်ပထောက်ပံ့မှုများ များစွာလျော့နည်းသွားခဲ့ကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံများသို့ ပေးဆပ်ရန်ကျန်ရှိနေသည့် ကြွေးမြီများအား ပြန်လည်ပေးဆပ်နိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ခဲ့ရကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးမြှင့်၍ ပြည်ပသို့ ပို့ကုန်များတင်ပို့နိုင်ရေး ဆောင်ရွက်ခဲ့ရကြောင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် အခြေခံစာရင်းဇယားအချက်အလက်များ မှန်ကန်မှုရှိရန်လိုကြောင်း၊ ခေတ်အဆက်ဆက်တွင် အချက်အလက်များ မှန်ကန်စွာရရှိမှုမရှိခြင်းကြောင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်စေခဲ့ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၌ တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပသို့ ပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့် ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းနေထိုင်ကြသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုပြီး လူတစ်ဦးချင်းစီအလိုက် ကျရာအခန်းကဏ္ဍတွင် အမှန်တကယ်အလုပ်လုပ်ကြရန်လိုကြောင်း။

**တပ်မတော်သားများ၏ သက်သာချောင်ချိရေးနှင့် စွမ်းရည်၊ စွမ်းအားပြည့်ဝကောင်းမွန်စေရေး**

တပ်မတော်သားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် တတ်နိုင်သရွေ့ခံစားခွင့်များ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်တွင် စစ်သည်အဆင့်အတန်းအားလုံး၏ နေရေး၊ စားရေး၊ ဝတ်ရေးတို့အပါအဝင် ရသင့်ရထိုက်သည့် ခံစားခွင့်များအားလုံးရရှိစေရေး ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့်လည်း မိမိကိုယ်ကို အကျိုးမဖြစ်စေနိုင်သည့် အသောက်အစား၊ အပျော်အပါးနှင့် အစားအသောက်များကို ကိုယ်စီအသိစိတ်ဖြင့် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ရရှိသည့် ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင်သုံးစွဲခြင်းဖြင့် သက်သာချောင်ချိမှုကို ဖန်တီးနိုင်မည်ဖြစ်ပြီး ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့် အဖြုန်းကို ခွဲခြားသိရှိဆောင်ရွက်ကြစေလိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို မှန်မှန်ကန်ကန်ဆောင်ရွက်သွားမည်ဆိုပါက သက်သာချောင်ချိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့ဘဝတိုးတက်ရေးအတွက် ငွေကြေးသုံးစွဲမှုများ မျှတမှုရှိစေရေးဆောင်ရွက်ရန်၊ ကြိုးစားအားထုတ်မှုများ အမြဲမပြတ်ဆောင်ရွက်ရန် လိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် ခိုင်မာသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် အမြဲတိုက်ပွဲဝင်အသင့် (Fit for Fight)ဖြစ်နေရန်လိုကြောင်း၊ တစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်၊ ကျွမ်းကျင်မှုရှိရန်လိုသဖြင့် နေ့စဉ်ဆောင်ရွက်ရမည့် သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန် ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်သားများအားလုံးကို သက်ဆိုင်ရာအဆင့်အလိုက် တတ်သင့်တတ်ထိုက်သည့် စစ်ပညာရပ်များကို စနစ်တကျလေ့ကျင့်သင်ကြားပေးထားပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါသင်ကြားပေးထားသည့် စစ်အတတ်ပညာများကို မှန်မှန်ကန်ကန်ဖြင့် အသုံးချသွားရန်လိုကြောင်း၊ မိမိတို့ကိုင်တွယ်အသုံးပြုရသည့် လက်နက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်စွာဖြင့် ကိုင်တွယ်အသုံးချနိုင်ရန် လိုကြောင်း၊ နေထိုင်စားသောက်မှုများအားလုံးတွင်လည်း အသိ၊ သတိဖြင့် နေထိုင်ကြရန် လိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်အနေဖြင့် တိုက်စွမ်းအားနှင့် တိုက်စွမ်းရည်များ ကောင်းမွန်ပြည့်ဝနေရန်လိုကြောင်း၊ တိုက်စွမ်းအားပြည့်ဝနေရန်အတွက် နိုင်ငံတော်အနေဖြင့် လိုအပ်သည့်လက်နက်များ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ တပ်မတော်ရေယာဉ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တိုက်စွမ်းအားပြည့်ဝနေစေရေးအတွက် တပ်မတော်သားတစ်ဦးချင်း၏ စွမ်းရည်များ တိုးတက်ကောင်းမွန်အောင် အမြဲမပြတ်ဆောင်ရွက်နေကြရန်လိုကြောင်း။

**ကောင်းမွန်ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို ဖော်ဆောင်ရေး**

မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေချိန်အတွင်း လုပ်ငန်းတာဝန်အရပ်ရပ်ကို အခက်အခဲပေါင်းစုံကြားမှ ရင်ဆိုင်ကျော်လွှားခဲ့ပြီး မကြာမီကာလအတွင်း အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းများ များစွာရှိနေပြီး မိမိတို့အနေဖြင့် ပထမစာမျက်နှာကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် နိုင်ငံတော်၏ ဒုတိယစာမျက်နှာအစကို ကောင်းမွန်စွာဆောင်ရွက်ပြီး အနာဂတ်တွင် ကောင်းမွန်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ဖော်ဆောင်နိုင်ရေး အားလုံး၏ဝိုင်းဝန်းပါဝင်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက် ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ဇနီးက လည်းကောင်း လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

✧ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် အခြေခံစာရင်းဇယားအချက်အလက်များ မှန်ကန်မှုရှိရန်လို**

✧ **ခေတ်အဆက်ဆက်တွင် အချက်အလက်များ မှန်ကန်စွာရရှိမှုမရှိခြင်းကြောင့် နိုင်ငံတော်၏အကျိုးစီးပွားကို ထိခိုက်စေခဲ့**

✧ **စိုက်ပျိုးရေးလုပ်ငန်းများ၌ တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးထုတ်ကုန်များပြည်ပသို့ ပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့် ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်**

✧ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းနေထိုင်ကြသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုပြီး လူတစ်ဦးချင်းစီအလိုက် ကျရာအခန်းကဏ္ဍတွင် အမှန်တကယ်အလုပ်လုပ်ကြရန်လို**

# မြန်မာနိုင်ငံစာရေးဆရာအသင်း၏ စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပ

## နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

## ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က ငွေကျပ် ၁၄၅ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံ စာရေးဆရာအသင်း၏ ၁၃၈၇ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ငွေကျပ် ၁၄၅ သိန်းကျော် တန်ဖိုးရှိ အဝတ် အထည်နှင့် အသုံးအဆောင်ပစ္စည်း များအား လှူဒါန်းသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကန်တော့ခံ သက်ကြီးစာပေပညာရှင်များနှင့် စာရေးဆရာ ဆရာမကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များ တက်ရောက်ကြသည်။



နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လှူဒါန်းသည့် ငွေကျပ် ၁၄၅ သိန်းကျော်တန်ဖိုးရှိ အင်္ကျီ၊ ပုဆိုး၊ လက်ဆွဲအိတ်၊ ခြုံပုဝါနှင့် ပါတိတ်လုံချည်တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က လက်ခံရယူစဉ်။

အခမ်းအနားတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လှူဒါန်းသည့် ငွေကျပ် ၁၄၅ သိန်းကျော် တန်ဖိုးရှိ အင်္ကျီ၊ ပုဆိုး၊ လက်ဆွဲ အိတ်၊ ခြုံပုဝါနှင့် ပါတိတ်လုံချည် တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ် လှူဒါန်းရာ မြန်မာနိုင်ငံ စာရေး ဆရာအသင်းဥက္ကဋ္ဌ အလင်္ကာ ကျော်စွာ ဦးအုန်းမောင်(မြင်းမူ မောင်နိုင်မိုး)က လက်ခံရယူသည်။

ထို့နောက် အမျိုးသားကာကွယ် ရေးနှင့် လုံခြုံရေးကောင်စီရုံးက လှူဒါန်းသည့် ငွေကျပ် သိန်း ၁၀၀ နှင့် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀ တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လည်း ကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၂၈၈သိန်းကို ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း က လည်းကောင်း၊ ရန်ကုန် မြို့တော် စည်ပင်သာယာရေး ကော်မတီက လှူဒါန်းသည့်ငွေကျပ် သိန်း ၃၀ ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးက လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီးပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီက လှူဒါန်း သည့် ငွေကျပ် ၁၅ သိန်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်က လှူဒါန်းသည့် ငွေကျပ် ၁၅ သိန်း တို့ကို တာဝန်ရှိသူများကလည်း ကောင်း ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မုဒိတာ စကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း က မုဒိတာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြား ပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်း ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်း ကော်မတီ အတွင်းရေးမှူးက အလှူရှင်များစာရင်းကို ဖတ်ကြား သည်။

ထို့နောက် ကန်တော့ခံ သက်ကြီး စာပေပညာရှင်ကြီး ၂၈၈ ဦးအား တက်ရောက်လာကြသူများက လက်အုပ်ချီမိုး ကန်တော့ကြပြီး ကန်တော့ခံပစ္စည်းများ၊ ဂါရဝပြု ဂုဏ်ပြုငွေများ ပေးအပ်ကြသည်။ ယင်းနောက် ကန်တော့ခံသက်ကြီး စာပေပညာရှင်ကြီးများ ကိုယ်စား စာရေးဆရာကြီး လယ်တွင်းသား စောချစ်ကသြဝါဒစကားပြောကြား ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အခမ်းအနားသို့ တက်ရောက်လာ သည့် ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်ကြီးများအား ရင်းရင်း နှီးနှီး ဂါရဝပြုနှုတ်ဆက်ခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**



အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးက လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က လက်ခံရယူစဉ်။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၂၈၈ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လက်ခံရယူစဉ်။



# မိုးနဲမြို့နယ်၌ မဲရုံဖွင့်လှစ်ဆောင်ရွက်မည့် အခြေခံပညာကျောင်းများ မီးဘေးလုံခြုံရေးစစ်ဆေး

**မိုးနဲ ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် ရွေးကောက်ပွဲအတွက် မဲရုံဖွင့်လှစ်ဆောင်ရွက်မည့် အခြေခံပညာကျောင်းများတွင် မီးဘေး လုံခြုံရေးစစ်ဆေးခြင်းများကို ဒီဇင်ဘာ ၁၁ ရက်က တာဝန်ရှိသူများ လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အသိပညာပေးရှင်းလင်း**

ထိုသို့ဆောင်ရွက်ရာတွင် မဲရုံဖွင့်လှစ်မည့် အခြေခံပညာကျောင်း များရှိ စာသင်ခန်းများနှင့် ကျောင်းပတ်ဝန်းကျင်တို့တွင် မီးဘေးလုံခြုံရေး ပစ္စည်းများ ကောင်းမွန်မှု ရှိ/မရှိစစ်ဆေးခြင်းများ၊ မဲရုံများအား မီးဘေး အန္တရာယ်၊ လျှပ်စစ်မီးမှတစ်ဆင့် မီးလောင်မှုများမဖြစ်ပွားစေရေးနှင့် ဖြစ်ပွား ပေါ်ပေါက်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အသိပညာပေးရှင်းလင်းခြင်းနှင့် သရုပ်ပြခြင်းများ ဆောင်ရွက် ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို မြို့နယ်မီးသတ် ဦးစီးမှူး ဦးကျော်ကိုကိုသက် ဦးဆောင်သောတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မီးသတ် ဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**


# EV ဖွံ့ဖြိုးမှုနှင့် အနာဂတ်အလားအလာများ

အောင်ဇေယျဟိန်း

**နိုင်ငံတော်တွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရေးအတွက် EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး ရည်ရွယ်၍ နိုင်ငံတော်က အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကို ၂၀၂၂ ခုနှစ်မှစတင်၍ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ ၂၀၂၃ ခုနှစ်၌ EV ကဏ္ဍ ဖွံ့ဖြိုးရေးလမ်းပြမြေပုံကို ၂၀၅၀ ပြည့်နှစ်အထိ စနစ်တကျ ရေးဆွဲချမှတ်ခဲ့ပြီး ဦးဆောင်ကော်မတီ၏မူဝါဒနှင့် လမ်းညွှန်ချက်များအတိုင်း နိုင်ငံတော်တွင် EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကော်မတီ ငါးခုတို့က ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။**

### EV တိုးတက်မှု အနာဂတ်အလားအလာများ

ယခုဆောင်းပါး၌ နိုင်ငံတကာရှိ EV ကဏ္ဍ ဖွံ့ဖြိုးရေးမူဝါဒများနှင့် ဆောင်ရွက်မှုအခြေအနေများ၊ ကမ္ဘာ့ EV ဈေးကွက် သိသာစွာတိုးတက်လာမှုကြောင့် လောင်စာဆီသုံး ကားဈေးကွက် ကျဆင်းလာမှုနှင့် အကျိုးဆက်အနေဖြင့် ကမ္ဘာ့စွမ်းအင်ရင်းနီးမြှုပ်နှံမှုပြောင်းလဲလာမှုများနှင့် EV တိုးတက်မှုအနာဂတ်အလားအလာများကို ရေးသားတင်ပြသွားပါမည်။



### EV ခေတ် ပြန်လည်ရှင်သန်မှု

လျှပ်စစ်သုံးယာဉ် (EV) များ၏ သမိုင်းကြောင်းကို ၁၉ ရာစုအထိ ပြန်လည်ခြေရာကောက်ပါက ၁၈၃၀ ပြည့်နှစ်ဝန်းကျင်တွင် ရိုးရှင်းသော လျှပ်စစ်သုံးလှည်းများ ပေါ်ပေါက်လာခြင်းမှစ၍ ၁၈၈၄ ခုနှစ်တွင် ပထမဆုံးစီးပွားဖြစ် လျှပ်စစ်ကားကို တီထွင်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၁၉၀၀ ပြည့်လွန် အစောပိုင်းနှစ်များတွင် EV များသည် ဆူညံသံနည်းပါးခြင်းနှင့် မောင်းနှင်ရ လွယ်ကူခြင်းတို့ကြောင့် လူကြိုက်များလာခဲ့သော်လည်း ၁၉၀၈ ခုနှစ်တွင် ဈေးချိုသောဓာတ်ဆီကားများကို အမြောက်အမြား ထုတ်လုပ်လာနိုင်ခြင်း၊ ဓာတ်ဆီဆိုင်များ ကျယ်ပြန့်စွာပေါ်ပေါက်လာခြင်းနှင့် နည်းပညာလိုအပ်ချက်များကြောင့် EV အပေါ် ရေပန်းစားမှု ကျဆင်းသွားခဲ့ရပြန်ပါသည်။ ၁၉၇၀ ပြည့်လွန်နှစ်၌ ရေနံအကျပ်အတည်းကာလနှင့် ပိုမိုကောင်းမွန်သော EV ဘက်ထရီနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ကြောင့် EV သုံးစွဲမှုကို စိတ်ဝင်စားမှု ပြန်လည်မြင့်တက်စေခဲ့ပြီး ၁၉၈၀ ပြည့်လွန်နှင့် ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း လီသီယံ-အိုင်းယွန်း ဘက်ထရီများ ပေါ်ပေါက်လာခြင်းနှင့်အတူ နာမည်ကြီး EV ကုမ္ပဏီများဦးဆောင်သည့် EV ခေတ်ကို ပြန်လည်နိုးထရှင်သန်လာစေခဲ့ပါသည်။

ယင်းအပြင် စာရေးသူ၏အမြင်အရ EV ရှင်သန်မှုများကို ပိုမိုအားကောင်းလာစေသည်များမှာ ရာသီဥတုပြောင်းလဲမှုဒဏ်၊ သဘာဝဘေးဒဏ် စသည်တို့ကြောင့် ယိုယွင်းလာသည့် ကမ္ဘာကြီးကို အချိန်မီပြန်လည်ကုစားနိုင်ရေးအတွက် Global Climate Governance ယန္တရားကို အားကောင်းဖွံ့ဖြိုးလာစေရေးနှင့် ကမ္ဘာ့ပန်းတိုင်အဖြစ် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှုကို သုညအထိ ကင်းစင်ရေးတို့ကို နိုင်ငံတကာတွင် တွန်းအားပေးဆောင်ရွက်လာကြပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတို့တွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချဖြတ်တောက်နိုင်ရေး လမ်းပြမြေပုံများ၊ မဟာဗျူဟာများ၊ ကာဗွန်အခွန်စည်းကြပ်မှုများနှင့်အတူ EV သုံးစွဲမှုကို အားပေးပံ့ပိုးသည့်မူဝါဒများနှင့် လုပ်ငန်းစဉ်များ ချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လာကြခြင်းများကြောင့် ဖြစ်ပါသည်။

### EV ဖွံ့ဖြိုးရေး မူဝါဒများ

အချို့သောနိုင်ငံများတွင် ချမှတ်ဆောင်ရွက်လျက်ရှိသော EV မူဝါဒများကို အကျဉ်းမျှ တင်ပြပါမည်။ အရှေ့တောင်အာရှဒေသသည် EV ထုတ်လုပ်မှုဗဟိုချက်မ ဖြစ်လာလိမ့်မည်ဟု ပညာရှင်အချို့၏ ခန့်မှန်းချက်များလည်းရှိနေရာ အာဆီယံနိုင်ငံများ၏ EV မူဝါဒများကို ဦးစွာတင်ပြပါမည်။ အိမ်နီးချင်း ထိုင်းနိုင်ငံ၌ EV 3.5 မူဝါဒနှင့် ၂၀၃၀ ပြည့်နှစ်တွင် Zero Emission Vehicles (ZEV) ၃၀ ရာခိုင်နှုန်း ထုတ်လုပ်ရေးရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အရှေ့တောင်အာရှ၏ EV ကူးပြောင်းရေးကို ဦးဆောင်လျက်ရှိပါသည်။ အလားတူ ဘရူနိုင်းနိုင်ငံတွင်လည်း အမျိုးသားရာသီဥတု ပြောင်းလဲမှုလျှော့ချရေးမူဝါဒအရ ၂၀၃၅ ခုနှစ်တွင် ယာဉ်များအားလုံး ရောင်းရမှု၏ ၆၅ ရာခိုင်နှုန်းကို EV များသာ ဖြစ်စေရေးအတွက် ဈေးနှုန်းထိန်းချုပ်ကွပ်ကဲမှုနှင့် အားသွင်းရုံများ တိုးချဲ့မှုတို့အပြင် အခြားမက်လုံးပေးသည့် အားပေးပံ့ပိုးမှုဆိုင်ရာမူဝါဒများ ချမှတ်ကာ ဆောင်ရွက်လျက် ရှိပါသည်။

ထို့အတူ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်၌ EV နှစ်သန်းအထိရှိလာရေး ဆောင်ရွက်နေပြီး ၂၀၄၀ ပြည့်နှစ်တွင် EV သည် ယာဉ်များအားလုံး ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်း ဖြစ်စေရေးမှသည် ၂၀၆၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လုပ်မှု သုညအဆင့်ရောက်ရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ အရှေ့တောင်အာရှဒေသ၏ ပထမဆုံးနှင့် အကြီးဆုံး EV ဘက်ထရီစက်ရုံကို အနောက်ဂျားဗားပြည်နယ် ကာယာဝမ်မြို့တွင် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။ အလားတူ ဖိလစ်ပိုင်နိုင်ငံတွင်လည်း သန့်ရှင်းစွမ်းအင် စီမံကိန်းအရ ၂၀၄၀ ပြည့်နှစ်တွင် EV သုံးစွဲမှု ၁၀ ရာခိုင်နှုန်းသို့ရောက်ရှိရေး ရည်မှန်းချက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။


ဆက်လက်၍ အာရှနိုင်ငံများရှိ EV ဖွံ့ဖြိုးမှုများကို လေ့လာကြည့်ပါမည်။ တရုတ်နိုင်ငံသည် ၂၀၄၀ ပြည့်နှစ်တွင် ယာဉ်များမှ ကာဗွန် ၆၀ ရာခိုင်နှုန်းကျော် လျှော့ချနိုင်ရေးလမ်းပြမြေပုံအရ ကားလုပ်ငန်းတွင် EV ၈၀ ရာခိုင်နှုန်းကျော် ချဲ့ထွင်ရန်နှင့် Level 4 (အဆင့်မြင့်အလိုအလျောက်စနစ်) မောင်းသူမဲ့ကား စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိပြီး တရုတ်မော်တော်ကားလုပ်ငန်း အင်ဂျင်နီယာအသင်း (CASE) သည် ယခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် စွမ်းအင်ချွေတာရေးနှင့် စွမ်းအင်အသစ် မော်တော်ကား နည်းပညာလမ်းပြမြေပုံ ၃.၀ (Energy–Saving and New Energy Vehicle Technology Roadmap 3.0) ကို ထုတ်ပြန်ကြေညာကာ ယင်းနှင့်အတူ နိုင်ငံ၏ မော်တော်ကားလုပ်ငန်းကို ရည်မှန်းချက်ကြီးမားသော အနာဂတ်ခရီးပန်းတိုင်သို့ ခေါ်ဆောင်သွားရန် ဦးတည်လျက်ရှိပါသည်။

ထို့အပြင် ဆော်ဒီအာရေဗျနိုင်ငံတွင် ရေနံ (လောင်စာဆီ) ပေါကြွယ်ဝသော်လည်း EV များ ရေပန်းစားလာပြီး ၂၀၂၅ ခုနှစ်မှစတင်၍ နှစ်စဉ် EV အစီးရေ သုံးသိန်းခန့်ကို ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၃၀ ပြည့်နှစ်ခန့်တွင် EV အားသွင်းရုံ (Charging Station) ၅၀၀၀ ခန့်ကို တစ်နိုင်ငံလုံး၌ တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိပါသည်။ အလားတူ ပါကစ္စတန်နိုင်ငံတွင်လည်း ၂၀၃၀ ပြည့်နှစ်အရောက်တွင် နိုင်ငံအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရန် မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိရာ ယင်းနှစ်အရောက်တွင် နိုင်ငံအတွင်း လက်ရှိသုံးစွဲနေသည့် ရုပ်ကြွင်းလောင်စာသုံးယာဉ်များ၏ ၃၀ ရာခိုင်နှုန်းကို EV များအဖြစ် ပြောင်းလဲသုံးစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အတူ ဗြိတိန်နိုင်ငံတွင်လည်း ၂၀၃၀ ပြည့်နှစ်၌ ကားအသစ် ၈၀ ရာခိုင်နှုန်းနှင့် Van အသစ် ၇၀ ရာခိုင်နှုန်းတို့ကို မီးခိုးထုတ်လွှတ်မှုကင်းမဲ့သောယာဉ်များဖြစ်စေရန် ဥပဒေပြဋ္ဌာန်းထားပြီး ၂၀၃၅ ခုနှစ်အရောက်တွင် ၁၀၀ ရာခိုင်နှုန်းပြည့်မီရန် သတ်မှတ်ထားကြောင်း သိရှိရပါသည်။ ထို့အပြင် ဩစတြေးလျနိုင်ငံရှိ စုစုပေါင်း မီးခိုးထုတ်လွှတ်မှု၏ ၂၂ ရာခိုင်နှုန်းမှာ သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ဖြစ်ရာ ပန်းတိုင်သစ်အရ ၂၀၃၅ ခုနှစ်တွင် ယာဉ်များမှ မီးခိုးထုတ်လွှတ်မှုကို ၆၂ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းပမာဏအထိ လျှော့ချရန်အတွက် လောင်စာဆီသုံးယာဉ်များမှ EV များသို့ အမြန်အသွင်ကူးပြောင်းရန်လိုအပ်ရာ EV ကောင်စီသည် ၂၀၃၅ ခုနှစ်တွင် ဓာတ်ဆီနှင့် ဒီဇယ်ကားအသစ်များ ရောင်းချခြင်းကို အဆုံးသတ်ရန် ၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်းကပင် တောင်းဆိုခဲ့ကြောင်း သိရပါသည်။

စာမျက်နှာ ၇ သို့ ❑

**၂၀၁၉ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် (ပထမသုံးလပတ်) အတွင်း ကမ္ဘာ့ကားဈေးကွက် နှိုင်းယှဉ်မှု။**




ပုံ ၁၊ ကမ္ဘာ့ကားဈေးကွက်အတွင်း EV ရောင်းချရမှုတိုးတက်လာပုံ။

**❖ ယခင်က လောင်စာဆီသုံးကားများသာ လုံးဝဥဿုံကြီးစိုးခဲ့သည့် ကမ္ဘာ့ကားဈေးကွက်ချိန်ခွင်လျှာသည် ယခုအခါ EV များဘက်သို့ လျင်မြန်စွာ ယိမ်းညွတ်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့ကားဈေးကွက်တွင် EV ၁၇ ဒသမ ၁ သန်းအထိ စံချိန်တင်ရောင်းချနိုင်ခဲ့**

**❖ ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့ကားလောကရှိ နာမည်ကြီးလောင်စာဆီသုံးကား ထုတ်လုပ်သည့်ကုမ္ပဏီများသည်လည်း အချိန်ကာလတစ်ခုအထိ လောင်စာဆီသုံးကား ထုတ်လုပ်ရေးကိုသာ တစိုက်မတ်မတ် ဇက်တွယ်လျက် အင်ဂျင်စွမ်းရည်မြှင့်တင်နိုင်ရေးနှင့် ဆူညံသံနှင့် တုန်ခါမှုလျှော့ချနိုင်ရေး ဆန်းသစ်တီထွင်မှုများအပေါ်အားပြုလျက် ရပ်တည်နိုင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် EV ထုတ်လုပ်မှုများကိုပါ တွဲဖက်ဆောင်ရွက်လာကြပြီ**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

**ရွေးကောက်ပွဲ ကျင်းပရန် ၁၄ ရက် သာ လိုတော့သည်။**

❑ စာမျက်နှာ ၆ မှ

### ကမ္ဘာ့ EV ဈေးကွက်တိုးတက်လာမှုအရွေ့များ

အထက်ဖော်ပြပါ EV ဖွံ့ဖြိုးရေးမူဝါဒများကို ချမှတ်ဆောင်ရွက်မှုများအပြင် ကမ္ဘာ့ရုပ်ကြွင်းလောင်စာများ လျော့နည်းရှားပါးလာမှု၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာမှု၊ EV သုံးစွဲမှုမှ ရရှိသည့် အကျိုးကျေးဇူးများကို ကမ္ဘာ့လူထုက သိရှိလာမှုများကြောင့် ခေတ်ပြောင်းလဲမှု အစပျိုးကာလတွင် တွေ့ကြုံလေ့ရှိသော အခက်အခဲများ၊ နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ ယှဉ်ပြိုင်မှုဖိအားများ ပြင်းထန်စွာ ဖြစ်ပေါ်နေသည့်ကြားမှ EV သုံးစွဲမှုများသည် တစ်ရှိန်ထိုးမြင့်တက်လာသည်ကို အရိပ်အယောင်သဘောမျှမဟုတ်ဘဲ EV ကုမ္ပဏီကြီးများ၏ ထင်ရှားသောသတင်းများ၊ ကြီးမားသော ကိန်းဂဏန်းများနှင့် သိသာသော အချက်အလက်များဖြင့် တွေ့ရှိလာရပြီး ကမ္ဘာ့ကားဈေးကွက်သည် ၂၁ ရာစုနှစ်အတွင်း အလျင်မြန်ဆုံးပြောင်းလဲမှုကို ကြုံတွေ့နေရပါသည်။


ယခင်က လောင်စာဆီသုံးကားများသာ လုံးဝဥဿုံကြီးစိုးခဲ့သည့် ကမ္ဘာ့ကားဈေးကွက်ချိန်ခွင်လျှာသည် ယခုအခါ EV များဘက်သို့ လျင်မြန်စွာ ယိမ်းညွတ်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့ကားဈေးကွက်တွင် EV ၁၇ ဒသမ ၁ သန်းအထိ စံချိန်တင်ရောင်းချနိုင်ခဲ့ပြီး တရုတ်တစ်နိုင်ငံတည်းမှ ကားအစီးရေ ၁၁ သန်းအထိ ရောင်းချနိုင်ခဲ့ပါသည်။

၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့ကားလောကရှိ နာမည်ကြီးလောင်စာဆီသုံးကား ထုတ်လုပ်သည့် ကုမ္ပဏီများသည်လည်း အချိန်ကာလတစ်ခုအထိ လောင်စာဆီသုံးကား ထုတ်လုပ်ရေးကိုသာ တစိုက်မတ်မတ် ဖက်တွယ်လျက် အင်ဂျင်စွမ်းရည်မြှင့်တင်နိုင်ရေးနှင့် ဆူညံသံနှင့် တုန်ခါမှုလျော့ချနိုင်ရေး ဆန်းသစ်တီထွင်မှုများအပေါ်အားပြုလျက် ရပ်တည်နိုင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် EV ထုတ်လုပ်မှုများကိုပါ တွဲဖက်ဆောင်ရွက်လာကြပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ ကားသုံးစွဲသူများသည် EV သုံးစွဲမှုအရွေ့များဆီသို့ မည်မျှ မြန်မြန်ဆန်ဆန် ပြောင်းလဲလျက်ရှိကြောင်းကို **ပုံ ၁** တွင် သိသာစွာ တွေ့မြင်နိုင်ပါသည်။ ၂၀၁၉ ခုနှစ်၌ ကမ္ဘာ့ကားဈေးကွက်တွင် EV ရောင်းချရမှုမှာ ကိုးရာခိုင်နှုန်းသာ ရှိခဲ့သော်လည်း ၂၀၂၅ ခုနှစ် ပထမသုံးလပတ်၌ EV များ (ဘက်ထရီလျှပ်စစ်ကား BEV၊ ပလပ်ထိုးအားသွင်းနိုင်ပြီး လောင်စာဆီနှင့် လျှပ်စစ်တွဲဖက်သုံးဟိုက်ဘရစ်ကားဖြစ်သော Plug-in Hybrid Electric Vehicle – PHEV နှင့် ရိုးရိုးဟိုက်ဘရစ် HEV)စုစုပေါင်းရောင်းချမှုသည် ကမ္ဘာ့ကားဈေးကွက်အတွင်း ၄၃ ရာခိုင်နှုန်းအထိ ရောက်ရှိလာခဲ့ပါသည်။

### လောင်စာဆီသုံး ကားခေတ်ကုန်တော့မလား

**ပုံ ၁** တွင် တွေ့မြင်ရသည့်အတိုင်း ၂၀၁၉ ခုနှစ်၌ လောင်စာဆီသုံးကားများသည် ကမ္ဘာ့ကားအသစ်ရောင်းချမှုဈေးကွက်ရှယ်ယာ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုခဲ့သော်လည်း ၂၀၂၅ ခုနှစ်၌ ယင်းရှယ်ယာမှ ၅၆ ဒသမ ၇ ရာခိုင်နှုန်းသို့ ထိုးဆင်းသွားခဲ့ရသည်။ ဤမျှပြင်းထန်သော လောင်စာဆီသုံးကားများ၏ ရှယ်ယာကျဆင်းရခြင်းသည် ကားသုံးစွဲသူများအကြား နည်းပညာမြင့် EV များ သုံးစွဲရန် စိတ်ဝင်စားလာပြီး EV သုံးစွဲသည့်အလေ့အထ ရေပန်းစားလာမှုများ၊ ကားအိပ်ဇောများမှ ထုတ်လွှတ်သည့် ကာဗွန်များကို လျှော့ချနိုင်ရေးအတွက် စည်းကမ်းချက်များ တင်းကျပ်လာခြင်း၊ သက်ဆိုင်ရာ နိုင်ငံအလိုက် EV လမ်းပြမြေပုံများအတိုင်း လောင်စာဆီသုံးကားများသုံးစွဲမှုကို မဟာဗျူဟာကျကျ လျှော့ချနိုင်ရေးအတွက် မူဝါဒ၊ ညွှန်ကြားချက်များ၊ လုပ်ငန်းစဉ်များဖြင့် တွန်းအားပေးလျက် လိုက်နာဆောင်ရွက်စေခြင်းနှင့် ကမ္ဘာ့အနာဂတ်ကောင်းများကို ဖန်တီးနိုင်ရေးအတွက် ရုပ်ကြွင်းလောင်စာများအစား ပိုမိုသန့်ရှင်းသော လောင်စာများကို နှစ်ခြိုက်စွာ အစားထိုးရွေးချယ်လာမှုများကို သိသာစွာ ရောင်ပြန်ဟပ်နေသည်။




**ပုံ ၂၊ ၁၀ နှစ်တာအတွင်း စွမ်းအင်ရင်းနှီးမြှုပ်နှံမှုများ ပြောင်းလဲလာပုံ။**

### HEV များ၏ ကြားခံ အလယ်အလတ် အခန်းကဏ္ဍ

စာရေးသူတွေ့ရှိရသလောက် တင်ပြရပါလျှင် လက်ရှိကမ္ဘာ့ EV ခေါင်းကြီးပိုင်းသတင်းများတွင် လျှပ်စစ်စွမ်းအင်ကို ရာနှုန်းပြည့်အသုံးပြုသည့် ဘက်ထရီလျှပ်စစ်ကား BEV များက အဓိကနေရာယူထားသော်လည်း HEV များသည် လောင်စာဆီသုံးယာဉ် (Internal Combustion Engine – ICE) ခေတ်မှ EV ခေတ်သို့ ကူးပြောင်းမှု အခင်းအကျင်းတွင် ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်နေကြောင်း တွေ့ရှိရသည်။ ၂၀၁၉ ခုနှစ်က ကမ္ဘာတစ်ဝန်း ကားရောင်းချရမှု၏ ခြောက်ရာခိုင်နှုန်းသာရှိခဲ့သော HEV များသည် ၂၀၂၅ ခုနှစ်တွင် ၂၁ ရာခိုင်နှုန်းသို့ သိသိသာသာမြင့်တက်လာကြောင်း **ပုံ ၁** ရှိ အချက်အလက်များအရ တွက်ချက်တွေ့ရှိရပါသည်။ ခရီးဝေးများကို သွားလာသူများအတွက် လျှပ်စစ်အားသွင်းရန် အခက်အခဲရှိပါက HEV များသည် စွမ်းအင်ကုန်ခန်းမှုကို ပူပန်စရာမလိုသည့်အတွက် အလယ်အလတ်ရွေးချယ်မှုတစ်ခုဖြစ်စေကာ ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော လောင်စာဆီသုံးမောင်းနှင်နိုင်သည့် အကွာအဝေးနှင့် တစ်စိတ်တစ်ပိုင်း လျှပ်စစ်စွမ်းအင်သုံးစွဲမှုမှ ရရှိသည့်အကျိုးကျေးဇူးများကို ပေါင်းစပ်သုံးစွဲနိုင်ပါသည်။

### ရုပ်ကြွင်းလောင်စာများအပေါ် ရင်းနှီးမြှုပ်နှံမှု လျော့ကျလာခြင်း

ကမ္ဘာ့ကားဈေးကွက်တွင် EV ရောင်းချရမှုရာခိုင်နှုန်းတစ်ရှိန်ထိုး မြင့်တက်လာမှုသည် ကမ္ဘာ့စွမ်းအင်ရင်းနှီးမြှုပ်နှံမှုကိုပါ ပြောင်းလဲသက်ရောက်စေပြီး အဆိုပါရင်းနှီးမြှုပ်နှံမှုများသည် လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ကြီးမားစွာ ပြောင်းလဲခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ရေရှည်ဖွံ့ဖြိုးမှုများအတွက် နိုင်ငံတကာတွင် ပိုမိုသန့်ရှင်းသောစွမ်းအင်သစ်များကို သုံးစွဲမှုခေတ်ဆီ ကူးပြောင်းနေချိန်၌ စွမ်းအင်ရင်းနှီးမြှုပ်နှံမှု ရေစီးကြောင်းများသည် မကုန်ခန်းနိုင်ဘဲ သဘာဝအလျောက် စဉ်ဆက်မပြတ်ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော စွမ်းအင်ရင်းမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲခြင်း၊ လျှပ်စစ်စွမ်းအင်ဆိုင်ရာစွမ်းရည်များ မြှင့်တင်ခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းတို့ကို ပံ့ပိုးပေးနိုင်သည့် နည်းပညာသစ်များဆီသို့ ကူးပြောင်းစီးဆင်းလျက်ရှိသည်။ ဤအလေ့အထကို နေရောင်ခြည်သုံးစွမ်းအင်နှင့် လေစွမ်းအင်ဆိုင်ရာနည်းပညာများအတွက် စီမံကိန်းကုန်ကျစရိတ်များ အရှိန်အဟုန်ဖြင့် ကျဆင်းလာမှုက ပိုမိုအားဖြည့်ပေးလျက်ရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

ဖော်ပြပါ **ပုံ ၂** တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ရေနံနှင့် နျူကလီးယားစသော စွမ်းအင်အမျိုးအစားအလိုက် ၂၀၁၅ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏများ ၁၀ နှစ်တာအတွင်း ပြောင်းလဲလာပုံကို နှိုင်းယှဉ်တင်ပြထားပါသည်။ (မှတ်ချက်။ ငွေကြေးပမာဏများကို ၂၀၂၄ ခုနှစ် အမေရိကန်ဒေါ်လာဖြင့် ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်ပါသည်။)

၂၀၁၅ ခုနှစ်က ရေနံသည် ကမ္ဘာ့စွမ်းအင်ရင်းနှီးမြှုပ်နှံမှုတွင် ဒေါ်လာ ၈၁၈ ဘီလီယံရှိကာ **ပုံ ၂** တွင် အမြင့်ဆုံးအဖြစ် တွေ့မြင်ရမည်ဖြစ်ပါသည်။ သို့သော် ၂၀၂၅ ခုနှစ်တွင် ထိုပမာဏမှ ဒေါ်လာ ၅၄၃ ဘီလီယံသို့ သိသာစွာကျဆင်းသွားရပြီး ကျန်စွမ်းအင်များနှင့် မတိမ်းမယိမ်းအနေအထားသို့ ရောက်ရှိသွားပါသည်။ ထိုသို့ ၁၀ နှစ်အတွင်း ရေနံကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ၂၇၅ ဘီလီယံ ကျဆင်းနေသည့် အချိန်အတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် ဒေါ်လာ ၃၇၄ ဘီလီယံမှ ဒေါ်လာ ၇၈၀ ဘီလီယံသို့ ခုန်ပျံမြင့်တက်လာကာ ၄၀၆ ဘီလီယံဖြင့် ပြောင်းလဲမှု ၁၀၉ ရာခိုင်နှုန်းဖြင့် ၂၀၂၅ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးစွမ်းအင် ဖြစ်လာပါသည်။ ယင်းမြင့်တက်မှုသည် ရုပ်ကြွင်းလောင်စာများမှ စဉ်ဆက်မပြတ်ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော စွမ်းအင်များဆီသို့ ကမ္ဘာ့နိုင်ငံများ၏ ကူးပြောင်းသုံးစွဲလာမှု အရှိန်မြင့်တက်လာခြင်းကို ထင်ဟပ်ပြလျက်ရှိသည်။ ဆန့်ကျင်ဘက်အနေဖြင့် ရုပ်ကြွင်းလောင်စာများဖြစ်ကြသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့တို့သည် သိသိသာသာကျဆင်းမှုများ ကြုံတွေ့နေရပြီး ဆယ်စုနှစ်အတွင်း ၃၄ ရာခိုင်နှုန်းနှင့် ၁၉ ရာခိုင်နှုန်းအသီးသီး ကျဆင်းခဲ့ရသည်။ သို့ရာတွင် ကျောက်မီးသွေးစွမ်းအင်ရင်းနှီးမြှုပ်နှံမှုသည် ၁၃ ရာခိုင်နှုန်းမြင့်တက်လာပါသည်။ အလားတူပင် နျူကလီးယားရင်းနှီးမြှုပ်နှံမှုသည် ၆၄ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့မြင်ရပါသည်။ အဆိုပါ မြင့်တက်လာမှုများမှာ စဉ်ဆက်မပြတ်တည်ငြိမ်သော လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလိုအပ်ချက် မြင့်မားလာမှုများကို ထင်ဟပ်ဖော်ညွှန်းနေပြီး AI သုံး ဒေတာစင်တာများနှင့် EV များအတွက် လျှပ်စစ်ဓာတ်အားသွယ်တန်းစနစ်များ ၂၀၂၅ ခုနှစ်တွင် ဒေါ်လာ ၃၄၄ ဘီလီယံအထိ ၁၃၁ ရာခိုင်နှုန်း သိသာစွာ မြင့်တက်လာမှုနှင့်လည်း သက်ဆိုင်နေပါသည်။

ကာဗွန်ထုတ်လွှတ်မှုနည်းသော လောင်စာဆီသုံးကားများ၏ရင်းနှီးမြှုပ်နှံမှု ခုန်တက်မှုသည်လည်း ထင်ရှားကာ ၂၀၁၅ ခုနှစ်က ဒေါ်လာ ခြောက်ဘီလီယံမှ ၂၀၂၅ ခုနှစ်တွင် ဒေါ်လာ ၂၈ ဘီလီယံသို့ ရောက်ရှိလာပါသည်။ ဤအမျိုးအစားများသည် ပမာဏအားဖြင့် သေးငယ်သော်လည်း ကမ္ဘာ့အနာဂတ်စွမ်းအင်စနစ်များ၏ ကာဗွန်လျှော့ချရေး ဦးတည်ရာလားရာကို ဖော်ညွှန်းနေပါသည်။

လောင်စာဆီသုံးကားရောင်းအားနှင့် လောင်စာဆီဝယ်လိုအားတို့သည် ၎င်းတို့၏ အထွတ်အထိပ်သို့ လွန်ခဲ့သောနှစ်များအတွင်း ရောက်ရှိခဲ့ပြီးဖြစ်ကာ ၂၀၃၀ ပြည့်နှစ်မတိုင်မီကာလ၌ လွန်စွာကျဆင်းသွားနိုင်မည်ဟု ခန့်မှန်းတွက်ချက်မှုများအရ လေ့လာသိရှိရပါသည်။ ကမ္ဘာတစ်ဝန်း EV သုံးစွဲမှုများ သိသာစွာဖွံ့ဖြိုးလာမှုများကြောင့် လျှပ်စစ်စွမ်းအင်များကိုသာ အားပြုသုံးစွဲလာမှုများ မြင့်တက်လာခြင်းသည် လောင်စာဆီသုံးကားများ ခေတ်စားမှု အဆုံးသတ်ခါနီးပြီဖြစ်ပြီး ရုပ်ကြွင်းလောင်စာရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ အကျိုးအမြတ်များမှာ စိုးရိမ်ဖွယ်ရာအခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်ရေး ပြည်သူလူထုလှုံ့ဆော်ရေး Campaign ဆောင်ရွက်



**ရန်ကုန် ဒီဇင်ဘာ ၁၃**

မဲပေးခြင်းသည် နိုင်ငံသားများက အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်ပြီး ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ ဖော်ဆောင်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲလှုံ့ဆော်မှု Campaign ကို နိုင်ငံတစ်ဝန်းလုံး ဆောင်ရွက်လျက်ရှိသည်။

**တက်ရောက်အားပေး**

ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်ရေး ပြည်သူလူထုလှုံ့ဆော်ရေး Campaign ကို ဆောင်ရွက်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ(ဌာနမှူးများ)၊ ကထိကများ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ၊ သန္ဓေမိသားစုများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်အားပေးသည်။

ဦးစွာ "ပြင်းထန်သည့် ငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမည့် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့" နှင့် "ရှေ့သို့ချီမည်ပန်းတိုင်ဆီ" မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားတိုင်းသည် မိမိတို့ နိုင်ငံ၊ ရပ်ရွာ၊ ဒေသကို တိုးတက်အောင် လုပ်ဆောင်ပေးနိုင်မည့် ကိုယ်စားလှယ်များကို ဆန္ဒမဲပေးရန် တာဝန်ရှိကြောင်း၊ ထိုကဲ့သို့ ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတိုင်း၏ မွေးရာပါ အခွင့်အရေးလည်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ ပါတီနိုင်ငံရေးဆိုသည်ထက် နိုင်ငံ့အရေးဖြစ်ကြောင်း၊ နိုင်ငံအတွက် မဲပေးသင့်သည်၊ မဲပေးရမည်ဆိုသည်ကို အသိပညာပေးလိုသည့်အတွက် ယနေ့အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုကျင်းပမည့် ရွေးကောက်ပွဲသည် အရေးကြီးကြောင်း၊ ထို့ကြောင့် မိမိတို့ အသည်းကြားက မဲတစ်ပြားကို မိမိနှစ်သက်ရာ အဖွဲ့အစည်းအား ဆန္ဒပြုမဲပေးခြင်းဖြင့် နိုင်ငံသားတာဝန်ထမ်းဆောင်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား MRTV DTH စလောင်းနှင့် DVB–T2 Set Top Boxများအား ကံစမ်းမဲဖောက်ပေးပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရန်ကုန်ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ အနုပညာရှင်များက ယိမ်းအကအလှများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အလားတူ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ သင်တန်းသား သင်တန်းသူများ၊ ဝန်ထမ်းများနှင့် သန္ဓေမိသားစုဝင်များအား "ဒို့အတူတူမဲပေးကြမယ်" အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ပုံမှန်အစည်းအဝေး ကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၁၃**

တတိယအကြိမ် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၅)ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း Virtual စနစ်ဖြင့် တက်ရောက်သည်။

**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ဥပဒေနှင့်အညီ အင်ဂျင်နီယာများ ကျင့်ဝတ်စည်းကမ်းနှင့် အညီ ကျင့်ကြံဆောင်ရွက်နိုင်ရေး စံချိန်စံညွှန်းများ ပြုစုပြဋ္ဌာန်းရေး၊ စဉ်ဆက်မပြတ် လေ့လာသင်ယူမှု ပြုလုပ်ရေးအတွက် အင်ဂျင်နီယာပညာဒဿန၊ အင်ဂျင်နီယာပညာ စိတ္တဗေဒတို့နှင့်အညီ ဆောင်ရွက်နိုင်ရန် ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ကျင်းပပြီး သိရှိလိုက်နာနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အင်ဂျင်နီယာကောင်း တစ်ဦးဖြစ်လာစေရန် ပြုစုပျိုးထောင်မွေးမြူနေသည့်ကာလမှ အစပြု၍ အင်ဂျင်နီယာ ပညာရေးသည် အင်ဂျင်နီယာ ပညာရေးစနစ်ကို အင်ဂျင်နီယာကျင့်ဝတ်၊ စည်းကမ်းများ သိရှိနားလည်စေရန် မြန်မာနိုင်ငံ ရေမြေသဘာဝနှင့် ကိုက်ညီသည့် အင်ဂျင်နီယာပညာရေးစနစ်ကို ဥပဒေနှင့်အညီ ဦးဆောင်ချမှတ်ပေးနိုင်ရန် အဆိုပြုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌက လက်ရှိ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ ကောင်စီ ဒုတိယဥက္ကဋ္ဌ(၁)က ကောင်စီ၏ ၂၀၂၂–၂၀၂၆ မဟာဗျူဟာ အစီအစဉ်အရ ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ(၂)က အင်ဂျင်နီယာ အထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းကော်မတီ (၈)ရပ်၏ လုပ်ငန်းဆောင်ရွက်မှု အကျဉ်းချုပ်ကိုလည်းကောင်း၊ ကောင်စီအတွင်းရေးမှူး(၂)က ဒွါဒသမပုံမှန်အစည်းအဝေး (၃/၂၀၂၅)မှ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည့် ကိစ္စရပ်များအား ဆောင်ရွက်ပြီးစီးမှုနှင့် Quick Win ရရှိမည့် အဆိုပြုလုပ်ငန်းများကိုလည်းကောင်း၊ ကောင်စီဘဏ္ဍာရေးမှူးက ကောင်စီ၏ဘဏ္ဍာရေး ရှင်းတမ်းအကျဉ်းချုပ်ကို လည်းကောင်း၊ ကောင်စီနာယကကြီးများက ကောင်စီ၏ လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သည်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ကောင်စီအတွင်းရေးမှူးက ကောင်စီဥပဒေအခန်း(၆)၊ ပုဒ်မ ၁၅ အရ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလမှအောက်တိုဘာလအတွင်း ကျင်းပပြုလုပ်ခဲ့ပြီးသော ပုံမှန် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးသုံးခု၏ ဆုံးဖြတ်ခဲ့ပြီးသော ဆုံးဖြတ်ချက်များကို တင်ပြအတည်ပြုချက်ရယူခြင်း၊ အတွင်းရေးမှူး(၂)က အတည်ပြုပေးရန်ကိစ္စရပ်များကို တင်ပြခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေး အပြီးတွင် ပြည်ထောင်စု ဝန်ကြီးသည် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)သို့ရောက်ရှိပြီး ရိုးမတ်စ်နည်းပညာသုံး သံရည်ကျိုမီးဖိုအလုပ်ရုံ၌ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) လည်ပတ်နိုင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားသိပ္ပံနှင့် နည်းပညာတက္ကသိုလ်၊ StalProekt တို့မှ ကျွမ်းကျင် ပညာရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်ရုံ၌ အလုပ်ရုံ ၂၂ ရုံရှိသည့်အနက် အလုပ်ရုံ ၁၉ ရုံအား ဝန်မပါစမ်းသပ်လည်ပတ်ခဲ့မှု၊ ကျန်ရှိသည့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးအလုပ်ရုံ၊ လေသန့်စင်အလုပ်ရုံ၊ ရိုးမတ်စ်နည်းပညာသုံး သံရည်ကျိုမီးဖိုအလုပ်ရုံတို့အား စက်တပ်ဆင်ရေးလုပ်ငန်းများ စမ်းသပ်လည်ပတ်နိုင်ရေးဆောင်ရွက်မည့် အခြေအနေ၊ စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအရ စီမံကိန်းလုပ်ငန်းများကို အောင်မြင်အောင် အတူတကွကြိုးပမ်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးညှိနှိုင်းပြီး ပြည်ပကျွမ်းကျင် ပညာရှင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျွန်းစုမြို့နယ်၌ တတိယအကြိမ် မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်



**ကျွန်းစု ဒီဇင်ဘာ ၁၃**

တနင်္သာရီတိုင်း ဒေသကြီး ကျွန်းစုမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများ ကျန်ရှိမှုမရှိစေရေးနှင့် မဲစာရင်းပြည့်စုံမှန်ကန်စေရေးအတွက် တတိယအကြိမ် မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၁ ရက်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆောင်ရွက်သည်။

စစ်ဆေးရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးရှိ ဝန်ထမ်းများက ကြေညာပြီးသော ဒုတိယအကြိမ်မဲစာရင်းတွင် ပုံစံ ၃၊ ပုံစံ ၄ နှင့် ပုံစံ ၄(က)တို့ဖြင့် လျှောက်ထားသည့် လျှောက်လွှာပါ အချက်အလက်များနှင့် ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးရှိ ဆာဗာဖြင့် တိုက်ဆိုင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# ကျောင်းကုန်းမြို့၌ ဒို့အတူတူ မဲပေးကြမယ် လက်ကမ်းစာစောင်များ ဖြန့်ဝေပေး



**ကျောင်းကုန်း ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်း ဒေသကြီး ကျောင်းကုန်းမြို့နယ် လူစည်ကားရာနေရာဖြစ်သည့် မြို့မဈေးကြီးအနီး၌ ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက "ဒို့အတူတူ မဲပေးကြမယ်" လက်ကမ်း စာစောင်များကို ပူးပေါင်းအဖွဲ့က ပြည်သူလက်ဝယ်သို့ ဖြန့်ဝေပေးသည်။

အဆိုပါ ပူးပေါင်းအဖွဲ့တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက "ဒို့အတူတူ မဲပေးကြမယ်"၊ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့"၊ "လှမ်းစို့တူညီ ဒီမိုကရေစီဖော်ဆောင်မည်"၊ "ဒီမိုကရေစီ ပန်းတိုင်ဆီ မဲပေးခြင်းဖြင့် တို့လှမ်းချီ"၊ "လူမှုစီးပွားဖွံ့ဖြိုးဖို့ ရွေးကောက်ပွဲဖြင့် စတင်စို့"စသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆို

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြိုသင်တန်း ပထမနှစ် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မောင်တို့မယ်တို့အနေဖြင့် တက္ကသိုလ်၏ သင်ကြားပြသမှုများကိုသာမက သတင်းအချက်အလက်နည်းပညာကို အကျိုးရှိထိရောက်စွာ အသုံးပြုပြီး ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို နည်းလမ်းစုံမှ ကြိုးစားသင်ယူလေ့လာသွားကြရန်၊ အခြားတစ်ဖက်တွင်လည်း တောင်သူလယ်သမားများ၏ဘဝကို လေ့လာပြီး အဆင့်မြင့်တက္ကသိုလ်ကျောင်းသားကျောင်းသူများပီသစွာ လူမှုကျင့်ဝတ်များကို လိုက်နာကျင့်ဆောင်ကြသည့်စိုက်ပျိုးရေးပညာရှင်များအဖြစ် ကြိုးပမ်းသွားကြစေလိုကြောင်း၊ **"စိုက်ပျိုး ပညာ ပြည်ရွာဖွံ့ဖြိုး"**ဆိုသော အမိတက္ကသိုလ်၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံအတွက် ထူးချွန်ပြောင်မြောက်သောပညာရှင်များဖြစ်အောင် ကြိုးစားကြရန်၊ ပြည်တွင်းစားရေရိက္ခာ ဖူလုံပိုလျှံရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် အထောက်အပံ့ကောင်းများပေးနိုင်ရေး ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများက "ရေဆင်းဆည်ကို သက်သေတည်မယ်"သီချင်းဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။



ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြို ပထမနှစ်သင်တန်းတွင် ကျောင်းသား ၁၁၁ ဦး၊ ကျောင်းသူ ၁၂၅ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၃၆ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ် သထုံလမ်း ဘောလုံးအားကစားကွင်းအတွင်းရှိ ပြေးလမ်းများ အသစ်ပြင်ဆင်ရေးနှင့် လေ့ကျင့်ကွင်းများ ပြင်ဆင်ထိန်းသိမ်းရေး ကွင်းဆင်းကြည့်ရှုဆောင်ရွက်ပေးပြီး လေ့ကျင့်ကွင်းအတွင်း အားကစားလာရောက်လေ့ကျင့်နေသော ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့မှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားကာ အားဖြည့်အစားအစာနှင့် အားဖြည့်အချိုရည်များ နေ့စဉ်တိုက်ကျွေးပေးရေး စီစဉ်ပေးသည်။



### ဆွေးနွေးမှာကြား

ထို့နောက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုပြီး တက္ကသိုလ် ဥပဓိရုပ်ကောင်းမွန်ရေး၊ စည်းကမ်းတကျ အမှိုက်စွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ပျိုးထောင်ရေး၊ စာသင်ခန်း၊ စာသင်ခုံ၊ Whiteboard များ သပ်ရပ်ကောင်းမွန်ရေး၊ အားကစားကွင်း၊ အားကစားရုံများတွင် ကျောင်းသား ကျောင်းသူများ နေ့စဉ် ကစားနိုင်စေရေးတို့ကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် မင်းဓမ္မပညာ့ရိပ်သာအိမ်ရာဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) အတွင်းရှိ ဆရာမဆောင်များ၊ ကျောင်းသား ကျောင်းသူအဆောင်၊ မိုးလုံလေလုံအားကစားရုံ၊ ဧည့်ဂေဟာ၊ လှိုင်နယ်မြေပတ်လမ်းနှင့် အင်းယားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ် ဖြည့်ဆည်းပေးသည်။

ထို့နောက် မရမ်းကုန်းမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၁၇) အခြေခံပညာမူလတန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ် (၇)အခြေခံပညာမူလတန်းကျောင်းများကို လှည့်လည်ကြည့်ရှုပြီး ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်နိုင်ရေး ဖြည့်ဆည်းပေးကာ ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ရွာသာကြီးရှိ ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ အပန်းဖြေရိပ်သာနှင့် တက္ကသိုလ်ဘောလုံးကွင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် အခမ်းအနားကျင်းပရေးပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**ပခုက္ကူ ဒီဇင်ဘာ ၁၃**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

ဦးစွာ ပခုက္ကူပညာရေးဒီဂရီကောလိပ် စတုတ္ထနှစ်(ဒုတိယနှစ်ဝက်)ကျောင်းသား ကျောင်းသူများက မြတခေတ်တေးသီချင်းအကဖြင့် ဖျော်ဖြေကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ပထမနှစ်ကျောင်းသား ကျောင်းသူများက မောင်မယ်တစ်ဦးစီရွေးချယ်၍ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ခြင်း၊ မောင်မယ်ဟောင်းများက သရဖူနှင့် စလွယ်များ လွှဲပြောင်းပေးအပ်ခြင်း၊ ကျောင်းသား ကျောင်းသူဟောင်းများက တေးသီချင်းအကများဖြင့် သီဆိုကပြဖျော်ဖြေခြင်းများ ဆောင်ရွက်ကြသည်။

ပခုက္ကူပညာရေးဒီဂရီကောလိပ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပထမနှစ် ၁၂၇ ဦး၊ ဒုတိယနှစ် ၇၁ ဦး၊ တတိယနှစ် ၆၁ ဦး၊ စတုတ္ထနှစ် ၃၉၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၄၉ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**





ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနက ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် အထက(ခွဲ) ဆန်နီချောင်ကျောင်း မဲရုံမီးဘေးလုံခြုံရေးနှင့် ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောရာ မြန်အောင်မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးဥက္ကာကျော်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြမီးငြိမ်းသတ်စဉ်။ ရောဦးသာ

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းအမှတ်စဉ် (၂၇) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက်တွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်းရုံး



အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်တံတားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးအရာရှိ ဦးဟန်ထွန်းဦးက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသိကောင်းစရာများကို လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်က မှတ်သားလိုက်နာ ကျင့်သုံးရမည့် စည်းကမ်းများ၊ ညွှန်ကြားချက်များကို လည်းကောင်း ဆွေးနွေးပို့ချကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အမှုဆောင်များ၊ သင်တန်းဆရာများက သင်တန်းသား ၁၀၀ ကျော်အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ အသင်းတွဲဖက်အတွင်းရေးမှူး ဦးအေးချိုက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ငြိမ်းချမ်းခြင်းမှရသော လူ့ဂုဏ်သိက္ခာ

မောင်ငွေ (မင်္ဂလာ)

ယနေ့ကမ္ဘာကြီးတွင် အထူးတလည်ပြောနေ၊ ကြားနေရသည့် စကားမှာ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာ၊ ရာသီဥတုပြောင်းလဲမှု စသည့် စကားများပင်ဖြစ်ပါသည်။ ဤစကားများကို ရပ်ကွက်ထဲမှ လက်ဖက်ရည်ဆိုင်စကားဝိုင်းများမှအစ နိုင်ငံတကာအစည်းအဝေးများအထိ ကျယ်ပြန့်စွာ ပြောဆိုဆွေးနွေးကြဆဲဖြစ်ပါသည်။ ငြိမ်းချမ်းရေး။ စကားလုံးသုံးလုံးတည်းနှင့် အဓိပ္ပာယ်၏ ကျယ်ပြန့်မှုကို ကိုယ့်အတွေးနှင့်ကိုယ် အမျိုးမျိုးဖွင့်ဆိုကြသည်မှာ အဓိပ္ပာယ်ဖွင့်၍ မကုန်နိုင်အောင်ပင်ဖြစ်ပါသည်။ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာသည်လည်း ထိုနည်းတူစွာ အဓိပ္ပာယ်ဖွင့်၍မကုန်နိုင်ပါ။ လူ့ဂုဏ်သိက္ခာ၊ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးတို့သည် ခွဲခြား၍မရ၊ တစ်ခုကိုတစ်ခု အပြန်အလှန် အမှီသဟဲပြု အားဖြည့်ပေးနေကြသည်။

**ငြိမ်းချမ်းမှုကိုအခြေခံသော လူ့ဂုဏ်သိက္ခာပန်းပွင့်ကို အပြည့်အဝပွင့်လန်းစေမည်**

ငြိမ်းချမ်းရေးကို စစ်မက်ဖြစ်ပွားမှုမရှိခြင်း တစ်ခုတည်းသာလျှင် သတ်မှတ်ရုံဖြင့် လုံလောက်မည်မဟုတ်ပါ။ တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် အခြေခံလူ့အခွင့်အရေးများကို လေးစားမှုတို့ကသာ လူသားတစ်ဦး၏ ငြိမ်းချမ်းမှုကိုအခြေခံသော လူ့ဂုဏ်သိက္ခာပန်းပွင့်ကို အပြည့်အဝပွင့်လန်းစေမည်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင် ကာကွယ်ပေးနိုင်ရန်အတွက် မရှိမဖြစ် အရေးပါလှသည့် ရေခံမြေခံကောင်းသော ပတ်ဝန်းကျင်ပင်ဖြစ်သည်။ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းသောအရသာများ ပြည့်ဝနေသောပတ်ဝန်းကျင်၌ လူသားတိုင်းသည် ၎င်းတို့၏ အသက်ရှင်သန်ခွင့်၊ လုံခြုံခွင့်၊ ပညာသင်ကြားခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အစရှိသော အခြေခံလူ့အခွင့်အရေးများကို အပြည့်အဝခံစားနိုင်မည်ဖြစ်သည်။ ဤသို့ခံစားခွင့်ရခြင်းသည်လည်း လူ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးခြင်းပင်ဖြစ်၏။ လူတစ်ဦးချင်း၏ မတူကွဲပြားမှုကို လေးစားတန်ဖိုးထားခံရခြင်းသည် လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို ခိုင်မာစေသောအကြောင်းပင်ဖြစ်သည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) ၏ အစနိဒါန်း၌ပင် လူ့ဂုဏ်သိက္ခာသည် ငြိမ်းချမ်းရေး၏ အရင်းခံဖြစ်ကြောင်းကို **"လူသားအားလုံး၏ မွေးရာပါဂုဏ်သိက္ခာနှင့် တန်းတူညီမျှရှိပြီး ဖယ်ရှားထုတ်ပယ်၍ မရသောအခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ဤကမ္ဘာပေါ်တွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့အတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း"** ဖော်ပြထားသကဲ့သို့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၊ ၃၊ ၅ နှင့် ၂၂ တို့တွင်လည်း လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို ကာကွယ်ပေးပြီး ငြိမ်းချမ်းသော လူနေမှုစနစ်ကို အာမခံပေးထားပါသည်။ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို ဖောက်ဖျက်ခြင်းသည် ငြိမ်းချမ်းမှုကို ပျက်စီးစေသောအကြောင်းအရာဖြစ်သောကြောင့် လူသားတိုင်း၏ ဂုဏ်သိက္ခာကို လေးစားခြင်း၊ လူကို လူလိုမြင်တတ်ခြင်းဖြင့်သာ မျှတတည်ငြိမ်သော ငြိမ်းချမ်းမှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

ခါးသော တမာပင်၌စွဲသည့်ပျားအုံမှရသော ပျားရည်ပင်ဖြစ်ဖြစ်၊ သရက်ပင်၌စွဲသည့်ပျားအုံမှရသော ပျားရည်ပင်ဖြစ်ဖြစ် ပျားရည်ဆိုသည့် သူ၏ တစ်ခုတည်းသောအရသာက ချိုမြသည့်အရသာပင်ဖြစ်ပါသည်။ ချိုသော၊ ခါးသောအပင် မခွဲခြားဘဲ မည်သည့်အပင်တွင်စွဲသည်ဖြစ်စေ၊ ချိုသောအရသာက စွန့်ပယ်သွားသော ပျားရည်ဆိုတာမရှိပါ။ ထို့အတူပင် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးသည် ပျားရည်ကဲ့သို့ပင် အရသာချိုမြဆေးဖက်ဝင်ပါသည်။ ဆင်းရဲသောသူပင်ဖြစ်ဖြစ်၊ ချမ်းသာသောသူပင်ဖြစ်ဖြစ်၊ ရာထူးဂုဏ်သိမ်ရှိသူဖြစ်ဖြစ်၊ မရှိသူဖြစ်ဖြစ်၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးဟူသော ပျားရည်ကို မှီဝဲသုံးဆောင်ပါက ပျားရည်ကဲ့သို့ပင် ချိုမြသောအရသာကို ခွဲခြားမှုမရှိ ခံစားရမည်ဖြစ်ပါသည်။ အသားအရောင်၊ အဆင့်အတန်းခွဲခြား၍လည်း ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးဆိုသည့် ပျားရည်၏ ချိုမြသောအရသာသည်လည်း ပြောင်းလဲခြင်းရှိမည်မဟုတ်ပါ။

**ရေရှည်တည်တံ့သောငြိမ်းချမ်းရေး**

နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုအပေါ် အခြေခံသည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုရှိရေး၊ လူ့အခွင့်အရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးတို့ ဖြစ်ပေါ်လာမှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းကို ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များအတွက် ပါဝင်ဆောင်ရွက်ခွင့် စသည့် လူ့ဂုဏ်သိက္ခာအခွင့်အရေးများ မဆုံးရှုံးအောင် ငြိမ်းချမ်းရေးကသာ ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။

လူရယ်လို့ဖြစ်လာချိန်တွင် လူတိုင်း လူတိုင်း မွေးရာပါဂုဏ်သိက္ခာကို သာတူညီမျှရရှိပြီးဖြစ်ပါသည်။ ငြိမ်းချမ်းသော လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်စေရေးအတွက် လူကိုလူဟု ခွဲခြားခြင်းမရှိ ကြည့်မြင်တတ်ရန် အရေးကြီးပါသည်။ လူသားတိုင်း လူ့ဂုဏ်သိက္ခာထိပါးစေသည့် အပြောအဆို၊ အပြုအမူ၊ အနေအထိုင်များမဖြစ်စေရန် အချင်းချင်း အပြန်အလှန် လေးစားမှုရှိရမည်ဖြစ်ပါသည်။ လူအချင်းချင်း အပြန်အလှန်လေးစားမှုမရှိ၊ လူ့ဂုဏ်သိက္ခာ လေးစားခြင်းမရှိဘဲ ခွဲခြားဆက်ဆံပြုမူခံနေရလျှင် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းဖြစ်ပေါ်ရေးသည် ဝေးကွာနေဦးမည်ဖြစ်ပါသည်။

> **ငြိမ်းချမ်းရေးကို စစ်မက်ဖြစ်ပွားမှုမရှိခြင်း တစ်ခုတည်းသာလျှင် သတ်မှတ်ရုံဖြင့် လုံလောက်မည်မဟုတ်ပါ။ တရားမျှတမှု၊ တန်းတူညီမျှမှုနှင့် အခြေခံလူ့အခွင့်အရေးများကို လေးစားမှုတို့ကသာ လူသားတစ်ဦး၏ ငြိမ်းချမ်းမှုကိုအခြေခံသော လူ့ဂုဏ်သိက္ခာပန်းပွင့်ကို အပြည့်အဝပွင့်လန်းစေမည်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင် ကာကွယ်ပေးနိုင်ရန်အတွက် မရှိမဖြစ် အရေးပါလှသည့် ရေခံမြေခံကောင်းသော ပတ်ဝန်းကျင်ပင်ဖြစ်သည်။ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းသောအရသာများ ပြည့်ဝနေသော ပတ်ဝန်းကျင်၌ လူသားတိုင်းသည် ၎င်းတို့၏အသက်ရှင်သန်ခွင့်၊ လုံခြုံခွင့်၊ ပညာသင်ကြားခွင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှု အစရှိသော အခြေခံလူ့အခွင့်အရေးများကို အပြည့်အဝခံစားနိုင်မည်**

ပန်းတိုင် (၁၆)တွင် ဖော်ပြထားပါသည်။ ရေရှည်တည်တံ့သောငြိမ်းချမ်းရေးသည် ပဋိပက္ခများ လျော့နည်းပပျောက်စေရုံသာမက အပြန်အလှန်နားလည်မှု တည်ဆောက်ခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်ခြင်း၊ မတူကွဲပြားမှုကို လေးစားခြင်း၊ ကလေးသူငယ်များ လွတ်လပ်စွာပညာသင်ကြားနိုင်ခြင်း၊ သက်ကြီးပုဂ္ဂိုလ်များကို စောင့်ရှောက်ပေးနိုင်ခြင်းနှင့် တရားဥပဒေအရ တန်းတူညီမျှအခွင့်အရေးများရရှိခြင်းသည် ငြိမ်းချမ်းရေးမှပေးသော လူ့ဂုဏ်သိက္ခာပင်ဖြစ်ပါသည်။

လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးသည် ခွဲခြား၍မရကြောင်း ယုံကြည်ကြသဖြင့် မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် သက်ဆိုင်သူများပါဝင်၍ မျက်နှာချင်းဆိုင် တွေ့ဆုံအဖြေရှာကြခြင်းသည် ကောင်းမွန်သော ဆောင်ရွက်ချက်များဖြစ်ပြီး မြန်မာနိုင်ငံရှိ ပြည်သူများအတွက် ငြိမ်းချမ်းခြင်းမှ ပွင့်လန်းလာမည့် လူ့ဂုဏ်သိက္ခာပန်းကလေးများပင် ဖြစ်ပါသည်။ ယမ်းငွေ့သည် ပန်းမွှေ့ရာဖြစ်မလာနိုင်သည့်အတွက် ယမ်းငွေ့များစဲပြီး ပန်းခင်းသောလမ်းများပေါ်တွင် လူ့ဂုဏ်သိက္ခာအပြည့်ဖြင့် ပြည်သူများ ဝင့်ဝင့်ကြွားကြွား လျှောက်လှမ်းနိုင်ရန်အတွက် ငြိမ်းချမ်းခြင်းကသာ စစ်မှန်စွာပေးဆောင်နိုင်မည်ဖြစ်ပါသည်။

ကမ္ဘာကြီး၏ နေရာအနှံ့အပြားတွင် လောဘ၊ ဒေါသ၊ မောဟ၊ အာဃာတများနှင့် အကြောင်းမျိုးစုံ၊ ခံယူချက်အမျိုးမျိုးတို့ကြောင့် စစ်ပွဲများ၊ ပဋိပက္ခများဖြစ်ပွားနေပြီး အဆိုပါ ပဋိပက္ခစစ်ပွဲများကြောင့် ကမ္ဘာသူ ကမ္ဘာသားများအနေဖြင့် ရွှေ့ပြောင်းနေထိုင်ရခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်း၊ အခြေခံအဆောက်အအုံများပျက်စီးခြင်း၊ ဒုက္ခသည်ပြဿနာများရှိခြင်း၊ စားဝတ်နေရေးခက်ခဲခြင်း၊ မိသားစုဝင်များ ဆုံးရှုံးခြင်း၊ ပညာသင်ကြားခွင့်မရရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်း၊ လူမှုရေးနှင့် စီးပွားရေးခက်ခဲခြင်း စသည့် နောက်ဆက်တွဲပြဿနာဆိုးကျိုးများကို ခံစားနေကြရပါသည်။

လူအမျိုးမျိုး မတူကွဲပြားကြသဖြင့် ငြိမ်းချမ်းမှုအဓိပ္ပာယ် အသိအမြင်များသည်လည်း မတူညီကွဲပြားနေကြပါသည်။ မည်သို့ပင် ဖွင့်ဆိုချက်များသည်ဖြစ်စေ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေး အသီးအပွင့်များကို အားလုံးခံစားခွင့်ရှိသင့်သည်မှာ မလွဲကေန်ပင်ဖြစ်သည်။ ပဋိပက္ခများဖြစ်ပွားခြင်းကြောင့် အခြေခံလူ့အခွင့်အရေးဖြစ်သော အသက်ရှင်သန်ခွင့် (Right to Life)၊ ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်းတို့၏ ဖွံ့ဖြိုးတိုးတက်မှု အစရှိသော အခွင့်အရေးနှင့် လူထဲက လူဖြစ်ကြသည့် ပဋိပက္ခဒေသမှသူများအတွက် ကာကွယ်စောင့်ရှောက်မှုရပိုင်ခွင့်၊ အသက်ရှင်သန်ကျန်ရစ်ခွင့်၊ ငြိမ်းချမ်းရေး အဆင့်အတန်း ခွဲခြားခြင်းများရှိနေသရွေ့ ကာလပတ်လုံး ငြိမ်းချမ်းခြင်းနှင့် လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာကို ဖောက်ဖျက်ထိပါးခြင်းများ ရှိနေမည်ဖြစ်သောကြောင့် လူကို လူလို မြင်တတ်၊ ဆက်ဆံတတ်ရန်၊ လူ့ဂုဏ်သိက္ခာများ လေးစားမှုရှိရန် လွန်စွာအရေးကြီးပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း မူလအခွင့်အရေးများအတွက် အခန်း ၁၊ ပုဒ်မ ၂၁ နှင့် အခန်း ၈ တို့တွင် ပြဋ္ဌာန်းထားရှိခြင်းသည် နိုင်ငံသူ နိုင်ငံသားတို့၏ မူလအခွင့်အရေးများကို ဖောက်ဖျက်ခြင်းမခံရအောင် ကာကွယ်ပေးထားခြင်းဖြစ်ပါသည်။

> **လူသားတိုင်း လူ့ဂုဏ်သိက္ခာထိပါးစေသည့် အပြောအဆို၊ အပြုအမူ၊ အနေအထိုင်များမဖြစ်စေရန် အချင်းချင်း အပြန်အလှန် လေးစားမှုရှိရမည်ဖြစ်ပါသည်။ လူအချင်းချင်း အပြန်အလှန် လေးစားမှုမရှိ၊ လူ့ဂုဏ်သိက္ခာ လေးစားခြင်းမရှိဘဲ ခွဲခြားဆက်ဆံပြုမူခံနေရလျှင် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းဖြစ်ပေါ်ရေးသည် ဝေးကွာနေဦးမည်**

**လောကပါလတရားများထွန်းကားရေး ဆောင်ရွက်**

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် အေးအတူ ပူအမျှ အတူယှဉ်တွဲခိုင်မာစွာ နေထိုင်ကြသောနိုင်ငံလည်း ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံသားအားလုံးသည် နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း စသော လောကပါလတရားများ ထွန်းကားရေးကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်ပြီး လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာကို လေးစားသော နိုင်ငံတော်တည်ဆောက်ရာ၌ အဓိကအတားအဆီးသည် လက်နက်ကိုင်ပဋိပက္ခပင်ဖြစ်ပါသည်။

ယင်းပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် ငြိမ်းချမ်းရေးတစ်ခုတည်းကသာ ဆောင်ရွက်နိုင်မည်ဖြစ်၍ မတူကွဲပြားမှုများမှ တူညီသည့်အချက်များကို အခြေခံကာ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိနိုင်ရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် စတင်လက်မှတ်ရေးထိုး၍ အားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ ယင်းငြိမ်းချမ်းရေး ဆောင်ရွက်ချက်များသည် နိုင်ငံနှင့် လူမျိုးကောင်းကျိုးကို ရှေးရှုခြင်းဖြစ်ပြီး ငြိမ်းချမ်းမှုရှိမှသာ လောကပါလတရားများ ထွန်းကားပြီး လူ့ဂုဏ်သိက္ခာများ၊ လူ့အခွင့်အရေးများ ရရှိခံစားနိုင်ကြမည်ဖြစ်ပါသည်။

ငြိမ်းချမ်းရေးသည် လှပသော အိပ်မက်တစ်ခုသာမဟုတ်ဘဲ လူသားတိုင်း လူ့ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ရန်အတွက် လက်တွေ့ကျသော လိုအပ်ချက်ဖြစ်ပါသည်။ လူသားတိုင်း၏အနာဂတ်အတွက် ငြိမ်းချမ်းရေးသည် လူ့ဂုဏ်သိက္ခာကို မြှင့်တင်ကာကွယ်ပေးနေသည့် ရေရှည်လုပ်ငန်းစဉ်ဖြစ်ပါသည်။ လူသားချင်းစာနာထောက်ထားမှုများကို အခြေခံပြီး စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်း၍ ငြိမ်းချမ်းခြင်းမှ ရရှိလာသော လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာပြည့်ဝသော အနာဂတ်ကို လူသားတိုင်း စံစား ခံစားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ(ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲ စုစုပေါင်း ၄၀၀၀ ကျော် ပါဝင်ဆင်နွှဲ




**နေပြည်တော် ဒီဇင်ဘာ ၁၃**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ (ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ စုစုပေါင်း ၄၀၀၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

**သေနတ်ပစ်ဖောက်တာလွှတ်ပေး**

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများနှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များ ပေးဝေကြသည်။

**နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပလျက်ရှိ**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ရည်ရွယ်၍ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ အပတ်စဉ် စနေနေ့တိုင်းတွင် လူထုအားကစား လှုပ်ရှားမှုအသွင်ဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပလျက်ရှိသည်။

သတင်းစဉ်



ပဲခူးမြို့၌ ဒီဇင်ဘာအားကစားလ (ဒုတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသား သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ ပါဝင်ဆင်နွှဲကြပြီး ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းပြုလုပ်ကြစဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)



ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုပေါင်းပါဝင်ဆင်နွှဲကြပြီး ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို စုပေါင်းဆောင်ရွက်ကြစဉ်။ မောင်ခိုင်မင်း(ပြန်/ဆက်)



ဒီဇင်ဘာလူထုအားကစားလ (ဒုတိယပတ်) စုပေါင်းလူထုလမ်းလျှောက်ပွဲနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၅ နာရီခွဲက ဘားအံမြို့ အမှတ်(၄)ရပ်ကွက် ဝန်ကြီးများအိမ်ရာရှေ့၌ စုရပ်ထား၍ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ ပါဝင်ဆင်နွှဲကြစဉ်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



ဒီဇင်ဘာလူထုအားကစားလ (ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့ ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်တွင် စုရပ်ပြုလုပ်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဖော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)မှ မိသားစုဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်ဆင်နွှဲကြစဉ်။

ပြည်နယ်(ပြန်/ဆက်)



ဒီဇင်ဘာလူထုအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက တောင်ကြီးမြို့၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်/ကောလိပ်များ၊ သိပ္ပံကျောင်းနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုပေါင်းဆင်နွှဲကြစဉ်။ စိုင်းသန်းကျော်(တောင်ကြီး)



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဒီဇင်ဘာလူထုအားကစားလ (ဒုတိယပတ်)စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက ရွှေရုပ်တုအဝိုင်းရှေ့၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ ပါဝင်ဆင်နွှဲကြစဉ်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် နိုင်ငံကိုယ်စားပြု စစ်တုရင်အားကစားသမားများ ထိုင်းနိုင်ငံသို့ထွက်ခွာ



**ရန်ကုန် ဒီဇင်ဘာ ၁၃**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမားများသည် အားကစားနည်း ၃၈ မျိုးဖြင့် သက်ဆိုင်ရာအားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်တုရင်အားကစားသမား များသည် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။

"စစ်တုရင် အားကစားမှာ အုပ်ချုပ်သူတစ်ဦးနဲ့ ကစားသမား ရှစ်ဦးပါဝင်ပါတယ်။ အဲဒီမှာ အမျိုးသားသုံးဦးနဲ့ အမျိုးသမီး ငါးဦး ပါဝင်ပါတယ်။ ပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက်မှာ စတင်မှာပါ။ ဒီပြိုင်ပွဲအတွက် လွန်ခဲ့တဲ့နှစ်နှစ်ကျော်ကစပြီး ပြိုင်ပွဲတွေပြုလုပ်ကာ လက်ရွေးစင်တွေကို ရွေးချယ်ခဲ့ပါတယ်။ ရိုးရာကစားနည်းမဟုတ်တဲ့အတွက် အခက်အခဲတွေရှိပေမယ့် အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ စစ်တုရင်ပြိုင်ပွဲမှာ ထိုင်းရိုးရာစစ်တုရင်နဲ့ အာဆီယံရိုးရာစစ်တုရင်ဆိုပြီး ယှဉ်ပြိုင်ရမှာပါ။ ဒါကြောင့် အချိန်ယူပြီး အထူးလေ့ကျင့်ခဲ့ရပါတယ်"ဟု စစ်တုရင်အားကစားအဖွဲ့၏ အုပ်ချုပ်သူ ဦးဝင်းကြိုင်က ပြောသည်။

စစ်တုရင် အားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ယှဉ်ပြိုင်ကြရမည်ဖြစ်ရာ မြန်မာနိုင်ငံကိုယ်စားပြု စစ်တုရင်အားကစားအဖွဲ့သည် ထိုင်းရိုးရာစစ်တုရင်ပြိုင်ပွဲ၌ အမျိုးသားနှစ်ယောက်တွဲ၊ အာဆီယံစစ်တုရင်ပြိုင်ပွဲ၌ အမျိုးသမီးလေးယောက်တွဲ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

"စစ်တုရင် အားကစားကို ဝါသနာပါတဲ့အတွက် ငယ်စဉ်ကတည်းက မိဘနှစ်ပါးက သင်ကြား ပေးခဲ့ပါတယ်။ တက္ကသိုလ်တက်တဲ့ အချိန်မှာတော့ ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ကစားဖြစ်တယ်။ ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့တဲ့ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေရခဲ့ပါတယ်။ အခုပြိုင်ပွဲမှာ အဓိကပြိုင်ဘက်က ဗီယက်နမ်နဲ့ ဖိလစ်ပိုင်ပါ။ သေချာပြင်ဆင်ထားတဲ့အတွက် အမြင့်ဆုံး ရွှေဆုကို မှန်းထားပါတယ်"ဟု နိုင်ငံကိုယ်စားပြု စစ်တုရင်အားကစားအဖွဲ့တွင် ပါဝင်သည့် မမေဆုလွင်က ပြောပြသည်။

၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု အားကစားသမား များသည် စစ်တုရင်ကစားနည်းဖြင့် ကြေးနှစ်ဆု ဆွတ်ခူးရရှိထားသည်။

"ဆီးဂိမ်းပြိုင်ပွဲ အတွက် လေ့ကျင့်မှုတွေ ကြိုတင်လုပ်ဆောင်ထားခဲ့ပါတယ်။ AI နဲ့လည်း လေ့ကျင့်တယ်၊ အဖွဲ့နဲ့လည်း လေ့ကျင့်တယ်။ အပြင်ကလပ်မှာလည်း လေ့ကျင့်တယ်။ အခုပြိုင်ပွဲမှာတော့ လေးယောက်တွဲအသင်းလိုက် ယှဉ်ပြိုင်ရမှာပါ။ အကောင်းဆုံး ကြိုးစားထားတာဖြစ်တဲ့အတွက် အခု ပြိုင်ပွဲကနေ နိုင်ငံ့ဂုဏ်ဆောင်အဖြစ် ထိုက်တန်တဲ့ရလဒ်ရရှိအောင် ကြိုးစားမှာပါ" ဟု နိုင်ငံကိုယ်စားပြု စစ်တုရင်အားကစားအဖွဲ့တွင် ပါဝင်သည့် မမေဆက်လွင်က ပြောပြသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ - ဖွဲ့မာန်**



ဦးဝင်းကြိုင်



မမေဆုလွင်



မမေဆက်လွင်

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ် လေးဆု၊ ကြေးတံဆိပ်လေးဆု ရရှိခဲ့သည့် ကနူး/ကယက်၊ တိုက်ကွမ်ဒိုနှင့် ဂျူဒိုအားကစားအဖွဲ့များ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကနူး/ကယက်အားကစားနည်းမှ ကနူးအမျိုးသား တစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊ အမျိုးသား နှစ်ယောက်လှော် မီတာ ၂၀၀ ပြိုင်ပွဲ၊ အမျိုးသား လေးယောက်လှော် မီတာ ၂၀၀ ပြိုင်ပွဲများတွင် ငွေတံဆိပ်သုံးဆု ရရှိခဲ့သည့် မျိုးလှိုင်ဝင်း၊ တိုက်ကွမ်ဒိုအားကစားနည်းမှ -67kg အတိုက်ပြိုင်ပွဲတွင် ဒုတိယ ငွေတံဆိပ်ဆုရရှိသော မကေသွယ်မွန်လင်း၊ 80kgအတိုက်ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုရရှိသော မောင်ဇော်လင်းထက်၊ -68kg အတိုက်ပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်ဆုရရှိသော မောင်ဟိန်းထက်သူ၊ ဂျူဒိုအားကစားနည်းမှ အမျိုးသား ၅၅ Kg ပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်ဆု ရရှိသော ထိုက်ထိုက်ကျော်၊ အမျိုးသားနှစ်ယောက်တွဲ "ခတ"ပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆုရရှိသော လှိုင်မင်းခန့်နှင့် အားကစားအဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI)ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုးများက ဂုဏ်ပြုကြိုဆိုကြကြောင်း သိရသည်။ **သတင်းစဉ်**






# မှော်ဘီမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မှော်ဘီမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက်(၂၀)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ ရက်က မှော်ဘီမြို့နယ် အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အမှာစကားပြောကြားပြီး မှော်ဘီမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိုးက ပြိုင်ပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘင်ခရာအဖွဲ့ ရှစ်ဖွဲ့အား တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ မှော်ဘီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးဝေမိုးအောင်၊ မှော်ဘီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်နိုင်၊ မှော်ဘီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ထွန်း၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းစိုးတို့က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဖွင့်ပွဲတွင် မှော်ဘီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်နိုင်က ဘောလုံးအားကန်၍ဖွင့်လှစ်သည်။ အဆိုပါပြိုင်ပွဲတွင် မှော်ဘီမြို့နယ်မှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

# မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသမီး၊ အမျိုးသားကြက်တောင်ရိုက်ပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၁၃**

မိတ္ထီလာတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသမီး၊ အမျိုးသား ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက်က အဆိုပါတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိတ္ထီလာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဘဟန်က အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသားကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာစာအသင်းနှင့် သင်္ချာအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ဓာတုဗေဒအသင်းနှင့် မြန်မာစာအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာနေအောင်၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာကျော်လင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက အားပေးကြည့်ရှုကြသည်။ အဆိုပါ အမျိုးသားကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၁ သင်းနှင့် အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



**ချမ်းသာ(မိတ္ထီလာ)**

## ဆီးဂိမ်း ပိုက်ကျော်ခြင်း သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းများ ဗိုလ်လုပွဲနှင့်လွဲချော်

ရန်ကုန် ဒီဇင်ဘာ ၁၃

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် (၃၃)ကြိမ်မြောက် ဆီးဂိမ်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်က ဆက်လက်ကျင်းပရာ သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းများ ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။

သုံးယောက်တွဲ အသင်းလိုက် အမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် အိမ်ရှင်ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ပွဲ-ပွဲမရှိ၊ ဗီယက်နမ်အသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ပွဲ-ပွဲမရှိ၊ အမျိုးသားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် အိမ်ရှင်ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ပွဲ-ပွဲမရှိ၊ မလေးရှားအသင်းက အင်ဒိုနီးရှားအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသည်။ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၄ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းအသင်းနှင့် မလေးရှားအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်တွင် အရေးနိမ့်ခဲ့သည့် မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းသည် ပူးတွဲကြေးတံဆိပ်ဆုများ ရရှိမည်ဖြစ်သည်။




ပိုက်ကျော်ခြင်း အားကစားနည်းတွင် သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲအပြီး၌ အမျိုးသား+အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲများ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။

**သတင်း - ချစ်ကိုကို၊ ဓာတ်ပုံ - PPS**

## (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေ

(၁၂-၁၂-၂၀၂၅)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ထိုင်း | ၉၅ | ၆၀ | ၃၉ | ၁၉၄ |
| ၂။ | အင်ဒိုနီးရှား | ၃၁ | ၄၃ | ၃၆ | ၁၁၀ |
| ၃။ | ဗီယက်နမ် | ၃၀ | ၂၉ | ၅၄ | ၁၁၃ |
| ၄။ | စင်ကာပူ | ၁၉ | ၁၉ | ၂၅ | ၆၃ |
| ၅။ | မလေးရှား | ၁၆ | ၁၅ | ၄၈ | ၇၉ |
| ၆။ | ဖိလစ်ပိုင် | ၁၅ | ၂၃ | ၅၂ | ၉၀ |
| ၇။ | မြန်မာ | ၂ | ၁၂ | ၁၆ | ၃၀ |
| ၈။ | လာအို | ၂ | ၃ | ၁၃ | ၁၈ |
| ၉။ | ဘရူနိုင်း | ၀ | ၁ | ၄ | ၅ |
| ၁၀။ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

မှတ်ချက်။ ကမ္ဘောဒီးယားနိုင်ငံသည် ဆီးဂိမ်းပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့သည်။

## ဆီးဂိမ်း အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း အင်ဒိုနီးရှားအသင်းကို ရှုံးနိမ့်

ရန်ကုန် ဒီဇင်ဘာ ၁၃

ဆီးဂိမ်း အမျိုးသမီးဖူဆယ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ဒီဇင်ဘာ ၁၃ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း အင်ဒိုနီးရှားအသင်းကို လေးဂိုးပြတ်အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲအနိုင်ရပါက ဆီမီးဖိုင်နယ်တက်ခွင့်ရမည် ဖြစ်သော်လည်း အရေးနိမ့်ခဲ့သဖြင့် အုပ်စုအဆင့်မှထွက်ရန် သေချာသလောက်ဖြစ်သွားပြီဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် ကစားရန်ကျန်သေးသော်လည်း ဗီယက်နမ်အသင်းသည် အဖွင့်ပွဲတွင် မြန်မာအသင်းကို အနိုင်ကစားထားသည့် အင်ဒိုနီးရှားအသင်းကို အနိုင်ယူထားသဖြင့် အခွင့်အရေးနည်းနေခြင်းဖြစ်သည်။

အုပ်စု(A) ဒုတိယပွဲတွင် ဖိလစ်ပိုင်အသင်းက မလေးရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စုနောက်ဆုံးနေ့အဖြစ် ဒီဇင်ဘာ ၁၄ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု(A)တွင် ထိုင်းအသင်းက တစ်ပွဲကစား သုံးမှတ်၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား သုံးမှတ်၊ မလေးရှားအသင်းက တစ်ပွဲကစား အမှတ်မရသေး၊ အုပ်စု(B)တွင် အင်ဒိုနီးရှားအသင်းက နှစ်ပွဲကစား သုံးမှတ်၊ ဗီယက်နမ်အသင်းက တစ်ပွဲကစား သုံးမှတ်၊ မြန်မာအသင်းက တစ်ပွဲကစား အမှတ်မရသေးပေ။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

## ဆီးဂိမ်းစနူကာအသင်းလိုက်ပြိုင်ပွဲတွင် မြန်မာအသင်းဆီမီးဖိုင်နယ်ရှုံးနိမ့်ပြီး ကြေးတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရ

ရန်ကုန် ဒီဇင်ဘာ ၁၃

(၃၃)ကြိမ်မြောက် ဆီးဂိမ်း စနူကာအသင်းလိုက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၁၃ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ဆီမီးဖိုင်နယ်၌ရှုံးနိမ့်ပြီး ကြေးတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် လာအိုအသင်းက မြန်မာအသင်းကို သုံးပွဲ-ပွဲမရှိ၊ အိမ်ရှင်ထိုင်းအသင်းက မလေးရှားအသင်းကို ၃-၂ ပွဲဖြင့် အနိုင်ရရှိသည်။ မြန်မာအသင်းတွင် ဘုန်းမြင့်ကျော်(ခ)အားတီ၊ အောင်ဖြိုးနှင့် အောင်မျိုးသူရတို့ ပါဝင်ပြီး ကွာတားဖိုင်နယ်တွင် အင်ဒိုနီးရှားအသင်းကို အနိုင်ရသော်လည်း ဆီမီးဖိုင်နယ်တွင် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် အိမ်ရှင်ထိုင်းအသင်းက လာအိုအသင်းကို ၃-၁ ပွဲဖြင့် အနိုင်ရရှိပြီး ရွှေတံဆိပ်




ကြေးတံဆိပ်ဆုရ မြန်မာစနူကာအသင်းတွင် ပါဝင်သည့် ဘုန်းမြင့်ကျော် (ခ) အားတီယှဉ်ပြိုင်စဉ်။

ဆုရရှိသည်။ လာအိုအသင်းက ငွေတံဆိပ်၊ မြန်မာအသင်းနှင့် မလေးရှားအသင်းတို့က ပူးတွဲ ကြေးတံဆိပ်ဆုရရှိသည်။

မြန်မာ စနူကာကစားသမားများသည် တစ်ဦးချင်းပြိုင်ပွဲနှင့် 6 Red အသင်းလိုက်ပြိုင်ပွဲ ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း - ထွဏ်းသွေးအိမ်**
**ဓာတ်ပုံ - MSYA**



ငွေတံဆိပ်ဆုရ ဂျူဒိုအားကစားမယ် အေးအေးအောင်။




အလေးမပြိုင်ပွဲတွင် နော်တဘိုးယာ ယှဉ်ပြိုင်စဉ်။




**✻ ဆီးဂိမ်းမှ**

ကစားသမားတီကာကို အနိုင်ရသော်လည်း ဗိုလ်လုပွဲတွင် အိမ်ရှင်ထိုင်းကစားသမား အီကူမီကို ရှုံးနိမ့်ပြီး ရွှေတံဆိပ်ဆုနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

ကြေးတံဆိပ်ဆုများကို တိုက်ကွမ်ဒိုအဖွဲ့က နှစ်ခု၊ ဝူရှူး၊ အလေးမ၊ ကရာတေးနှင့် မြင်းစီးအားကစားအဖွဲ့က တစ်ခုစီ ရယူပေးခဲ့ခြင်းဖြစ်သည်။ တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အမျိုးသမီး -၅၇ ကီလိုတန်း၌ မိုးမြင့်မြတ်က တစ်ခု၊ အမျိုးသမီး -၆၂ ကီလိုတန်းတွင် နန်းသုန္ဒရီကောင်းက တစ်ခု၊ အလေးမပြိုင်ပွဲ အမျိုးသမီး ၅၃ ကီလိုတန်းတွင် နော်တဘိုးယာက တစ်ခု၊ ကရာတေးပြိုင်ပွဲ အမျိုးသမီး -၆၁ ကီလိုတန်းတွင် သင်ဇာယွန်း၊ ဝူရှူးပြိုင်ပွဲ အမျိုးသမီးနှစ်ယောက်တွဲ သရုပ်ပြအတိုက် Duilian Bare Handed ပြိုင်ပွဲတွင် တစ်ခု၊ မြင်းစီးပြိုင်ပွဲ Mixed Team ပြိုင်ပွဲတွင် တစ်ခု တို့ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် ဒီဇင်ဘာ ၁၃ ရက်ပွဲစဉ်များအပြီးတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ၁၆ ခု ဆွတ်ခူးရရှိထားသည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MJF**

**❍ ကျောဖုံးမှ**

ဘိလိယက်အသင်းလိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လေးသင်းသာရှိသဖြင့် ဆီမီးဖိုင်နယ်အဆင့်မှ စတင်ကျင်းပပြီး မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို ၃-၂ပွဲ၊ စင်ကာပူအသင်းက အိမ်ရှင်ထိုင်းအသင်းကို ၃-၁ ပွဲဖြင့် အနိုင်ရရှိသည်။ မြန်မာဘိလိယက်အသင်းတွင် ပေါက်စ၊ နေသွေးဦး၊ အောင်ငွေးတို့ပါဝင်ပြီး ဆီမီးဖိုင်နယ်တွင် ပထမနှင့် ဒုတိယပွဲငယ် နှစ်ပွဲဆက်တိုက်အရေးနိမ့်ပြီးမှ သုံးပွဲဆက်ပြန်အနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၈၁-၁၀၁ မှတ်၊ ဒုတိယပွဲငယ်တွင် ၂၉-၁၀၀ မှတ်ဖြင့် အရေးနိမ့်ပြီး တတိယပွဲငယ်တွင် ၁၀၁-၆၇ မှတ်၊ စတုတ္ထပွဲငယ်တွင် ၁၀၀-၂၇ မှတ်၊ ပဉ္စမပွဲငယ်တွင် ၁၀၀-၄၂ မှတ်ဖြင့် အနိုင်ရခဲ့သည်။

အသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း - မောင်စံကြီး၊ ဓာတ်ပုံ - MSYA**

# မြန်မာ့မီးရထားပိုင် ရထားသံလမ်းဆက်ပြား၊ သံလမ်းဆက်မူလီများနှင့် သံလမ်းထိန်းကလစ်များ ဖြုတ်ယူဖျက်ဆီးမှုကြောင့် မန္တလေး-ရန်ကုန်ရထားလမ်းပိုင်းအတွင်း မြို့ဟောင်းမှသီလဝါခရီးစဉ် ပြေးဆွဲသောကုန်ရထား လမ်းချော်မှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မန္တလေး တိုင်းဒေသကြီး မြို့ဟောင်းမှ ရန်ကုန်တိုင်းဒေသကြီး သီလဝါခရီးစဉ်အဖြစ် ယနေ့ နံနက် ၁ နာရီ ၉ မိနစ်အချိန် စမုံဘူတာမှထွက်ခွာလာသည့် အမှတ်(၉၀၂)အစုန် ကုန်ရထားသည် နံနက် ၁ နာရီ ၁၈ မိနစ်၌ ဝမ်းတွင်းမြို့နယ် စမုံနှင့် သဲတော ဘူတာအကြား မိုင်တိုင်အမှတ် (၃၂၇/၁၂-၁၁)ရှိ ပေ ၈၀ ကွန်ကရစ်ပေါင်တံတားအမှတ် ၆၈၇/A အရောက်တွင် မန္တလေးဘက်တံတားအဝင်ထိပ်နေရာနှင့် သံလမ်းဆက်အတွင်း အခြားတစ်နေရာ စုစုပေါင်း နှစ်နေရာရှိ ရထားသံလမ်းဆက်ပြားနှင့် သံလမ်းဆက်မူလီ(Bolt &Nut)များ၊ ကွန်ကရစ်ဇလီဖားတုံးနှင့် သံလမ်းအား ချိတ်ဆက်သည့် သံလမ်းထိန်းကလစ်များအား မသမာသူများက ရထားလမ်းချော်မှုဖြစ်ပွားစေရေး ယုတ်မာပက်စက်သော အကြံဖြင့် ဖြုတ်ယူ ဖျက်ဆီးခဲ့မှုကြောင့် လမ်းချော်ကျခဲ့သဖြင့် ရထားတွဲဆိုင်းပါ စက်ခေါင်းနောက် ၁၅ တွဲမြောက်မှ ၁၇ တွဲမြောက်အထိ ကုန်အပြည့်တင်ဆောင်ထားသည့် အလုံပိတ်ကုန်တွဲ နှစ်တွဲနှင့် ဘရိတ်တွဲ တစ်တွဲ လမ်းချော်ကျမှု ဖြစ်ပွားခဲ့သည်။

ရထားလမ်းချော်ကျမှုကြောင့် စမုံ-သဲတော အစုန်ရထားလမ်းပိုင်းအား ယနေ့နံနက် ၁ နာရီခွဲတွင် ယာယီပိတ်ထားခဲ့ရပြီး လမ်းချော်ကြသည့်တွဲသုံးတွဲကို မတင်ခြင်း ဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ပြီးစီးခဲ့ပြီး ပျက်စီးသွားသော ကွန်ကရစ် ဇလီဖားတုံးများ အစားထိုးတပ်ဆင်ခြင်းကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ပြီးစီးခဲ့သဖြင့် အမှတ်(၉၀၂) အစုန်ကုန်ရထားသည် မွန်းလွဲ ၂ နာရီခွဲတွင် သီလဝါသို့ ဆက်လက်ထွက်ခွာသွားကြောင်းနှင့် လမ်းပိုင်းကို ယနေ့မွန်းလွဲ ၂ နာရီ ၄၁ မိနစ်တွင် ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်း ပြေးဆွဲလျက်ရှိသည်။

အဆိုပါလုပ်ရပ်သည် ရထားစီးခရီးသွားပြည်သူများကို ထိခိုက်သေဆုံးနိုင်ပြီး ကုန်စည်ပို့ဆောင်မှုကိုပါ ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမားစွာ ကြုံတွေ့ရနိုင်သည့် စက်ဆုပ်ရွံရှာဖွယ် ကောင်းသောလုပ်ရပ်တစ်ခု ဖြစ်သောကြောင့် ပြည်သူများအနေဖြင့်မသမာသူများ၏ လုပ်ရပ်အားတွေ့ရှိပါက ရထားမတော်တဆမှုများ ကာကွယ်နိုင်ရန် သက်ဆိုင်ရာသို့ အချိန်မီ အကြောင်းကြားသွားရန် လိုအပ်သည်။

ထို့ပြင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ဂ) အရ ရထားလမ်းရှိ ဇလီဖားတုံး၊ ရထားလမ်းနှင့် သက်ဆိုင်သည့် မည်သည့်ဆက်စပ်နေသော အရာဝတ္ထုကိုမဆို ဆွဲထုတ်ဖယ်ရှားခြင်း၊ ဖြေလျှော့ခြင်း၊ ရွှေ့ပြောင်းခြင်း (သို့မဟုတ်) ဖျက်ဆီးခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ငါးနှစ်မှ နှစ် ၂၀ အထိမပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်းသိရှိရပြီး ယခုဖြစ်စဉ်နှင့်ပတ်သက်၍ အမှုဖွင့်လှစ်ထားရှိကာ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **သတင်းစဉ်**





ဝမ်းတွင်းမြို့နယ် စမုံနှင့် သဲတောဘူတာအကြား မိုင်တိုင်အမှတ် (၃၂၇/၁၂-၁၁)၌ သံလမ်းဆက်ပြားနှင့်မူလီများနှင့် သံလမ်းထိန်းကလစ်များ အစုံလိုက်ဖြုတ် ဖျက်ဆီးထားမှုကို တွေ့ရစဉ်။







ဝမ်းတွင်းမြို့နယ် စမုံနှင့် သဲတောဘူတာအကြား မိုင်တိုင်အမှတ် (၃၂၇/၁၂-၁၁)၌ ကွန်ကရစ်ဇလီဖားတုံးများနှင့် သံလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။



ဝမ်းတွင်းမြို့နယ် စမုံနှင့် သဲတောဘူတာအကြား မိုင်တိုင်အမှတ် (၃၂၇/၁၂-၁၁)၌ အမှတ်(၉၀၂)အစုန်ကုန်ရထား ရထားလမ်းချော်မှုအား ပြန်လည်မတင်နေမှုကို တွေ့ရစဉ်။

# အမျိုးသမီးများကို တရုတ်အမျိုးသားနှင့် လက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူသူများနှင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အမျိုးသမီးများကို တရုတ်အမျိုးသားနှင့် လက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ်ရယူသူများနှင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်နေ မ----၊ ၂၁/ ၂၀၂၅ နှစ်သည် အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်နေစဉ် ဖခင်ဖြစ်သူမှာ လက်သမားအလုပ် လုပ်ကိုင်ရာမှ ငြမ်းပေါ်မှ ပြုတ်ကျဒဏ်ရာရရှိသဖြင့် ဆေးကုသရန် ငွေကြေးအခက်အခဲဖြစ်နေ၍ တစ်ဆောင်တည်းနေထိုင်သူ ဒေါ်မီမီသန်းမှ တရုတ်အမျိုးသားနှင့် လက်ထပ်ပါက တင်တောင်းငွေကျပ်သိန်း ၁၅၀ ရမည်၊ မိဘများကို လစဉ်ထောက်ပံ့ပေးမည်ဟု စည်းရုံးပြောဆို၍ တရုတ်ဘာသာစကားကျွမ်းကျင်သည့် သားမက်ဖြစ်သူ အားချန် (ခ)ချစ်ထူးအောင်နှင့် ချိတ်ဆက်၍ တရုတ်နိုင်ငံသား ZHU RIYONG ဆိုသူနှင့် တွေ့ဆုံပေးခဲ့ရာ တရုတ်နိုင်ငံသားမှ သဘောကျသဖြင့် မင်္ဂလာဒုံခရိုင်တရားရုံး၌ လက်ထပ်စာချုပ်ပြုလုပ်ခဲ့ပြီးနောက် တရုတ်အမျိုးသား ငှားရမ်းနေထိုင်သည့် FMI အိမ်ရာဝင်း ရွှေစံပယ်(၁)လမ်း တိုက် (F 13) သို့ လိုက်ပါနေထိုင်ခဲ့ရသည်။

တရုတ်အမျိုးသားက နိုင်ငံကူးလက်မှတ်ပြုလုပ်ခိုင်းသဖြင့် မေးမြန်းခဲ့ရာ ဒေါ်မီမီသန်းနှင့်အားချန်(ခ) ချစ်ထူးအောင်တို့ထံမှ ငွေကျပ်သိန်း ၂၅၀ ခန့် အကုန်အကျခံဝယ်ယူထားသဖြင့် တရုတ်နိုင်ငံသို့ လိုက်ပါနေထိုင်ပြီး ကလေးမွေးပေးရမည်ဟု ပြောဆိုပြီး တရုတ်နိုင်ငံသို့ အတင်းအကြပ်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း စိစစ်သိရှိရသဖြင့် အမျိုးသမီးကို တရုတ်နိုင်ငံသားနှင့် လက်ထပ်ထိမ်းမြားစေပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့ကြသူများကို အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ ရဲအုပ်နိုင်လင်းထွန်းက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ထန်းတပင်မြို့နယ်တက်သစ်နယ်မြေရဲစခန်း (ပ)၂၄/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဒီဇင်ဘာ ၈ ရက်တွင် မှော်ဘီခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ဒေါ်မီမီသန်းနှင့် တရုတ်နိုင်ငံသား ZHU RIYONG တို့ နှစ်ဦးကိုလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ အားချန်(ခ)ချစ်ထူးအောင်ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နေ ဇော်ထိုက် (ခ) ဖိုးကွန်းနှင့် ၎င်း၏ ဇနီး စန္ဒာဝင်းတို့မှ တစ်မြို့တည်းနေ မ----၊ ၁၄/ ၂၀၂၅ နှစ်အား တရုတ်နိုင်ငံတွင် အိမ်အကူအဖြစ် သွားရောက်အလုပ်လုပ်ကိုင်ပါက တစ်နှစ်လျှင် ငွေကျပ် ၅၅ သိန်းရမည်၊ လမ်းစရိတ်ကျခံပေးမည်၊ တစ်နှစ်ပြည့်လျှင် မြန်မာနိုင်ငံသို့ ပြန်လာ၍ ရမည်ဟု စည်းရုံးပြောဆို၍ မူဆယ်မြို့နေ ၎င်းတို့၏ သားဖြစ်သူ သိန်းဇော်ဝင်းထံ ပို့ဆောင်ခဲ့ကြောင်း၊ သိန်းဇော်ဝင်းက မူဆယ်မြို့ တရားမဝင် ခိုးပေါက်မှ တစ်ဆင့် တရုတ်နိုင်ငံ ဟောနန်မြို့ရှိ မငွေးငွေးနေအိမ်သို့ ပို့ဆောင်ခဲ့ရာ မငွေးငွေးမှ တရုတ်အမျိုးသား လော်ကွန်းထံ ငွေကျပ်သိန်း ၇၂၀ ဖြင့် ရောင်းစားခဲ့သည်။

တရုတ်အမျိုးသားက အဓမ္မပေါင်းသင်းနေထိုင်သဖြင့် သားတစ်ဦး မွေးဖွားခဲ့ရပြီး မကြာခဏရိုက်နှက်နှိပ်စက်သဖြင့် ထွက်ပြေးခဲ့ရာ တရုတ်ရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီးခြင်းခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း စိစစ်သိရှိရသဖြင့် အမျိုးသမီးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့ကြသူများကို အမှတ်(၇) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ပုသိမ်)မှ ရဲအုပ် ဇော်ထက်အောင်က တရားလို ပြုလုပ်တိုင်တန်းခဲ့ရာ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းနယ်မြေ ရဲစခန်း (ပ)၆၉/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က) ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဒီဇင်ဘာ ၁၁ ရက်တွင် ပုသိမ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ဇော်ထိုက်(ခ)ဖိုးကွန်းနှင့် စန္ဒာဝင်းတို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က) အရ အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ သိန်းဇော်ဝင်းနှင့် မငွေးငွေးတို့ နှစ်ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥတ္တရသီရိမြို့နယ်၌ အများပြည်သူ၏ ဘာသာရေးယုံကြည်မှုစိတ်ကို စော်ကားရန်၊ သာသနာအား ညှိုးနွမ်းစေရန်နှင့် အမြင်မတင့်တယ်စေရန်ပြုလုပ်ခဲ့သူ အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ဖမ်းဆီးအရေးယူ

ဥတ္တရသီရိမြို့နယ်၌ အများပြည်သူ၏ ဘာသာရေးယုံကြည်မှုစိတ်ကို စော်ကားရန်၊ သာသနာအား ညှိုးနွမ်းစေရန်နှင့် အမြင်မတင့်တယ်စေရန်ပြုလုပ်ခဲ့သူ အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့အား ဖမ်းဆီးအရေးယူမှုဖြစ်စဉ်မှ မှတ်တမ်းဓာတ်ပုံ။


စိုးသိန်း (ခ) အောင်စိုးမင်း (၅၈)နှစ်


စိုးမင်းဦး(၄၂)နှစ်


ကိုဖြိုး(ခ)ဝေဖြိုးထက် (၃၉)နှစ်


နန်းဝတီ(၁၆)နှစ်



ထက်လင်းဦး(ခ)မျက်ပြူး (၂၈)နှစ်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ ဒီဇင်ဘာ ၁၁ ရက်က သာသနာအား ညှိုးနွမ်းစေရန်နှင့် အများပြည်သူအမြင်မတင့်တယ်စေရန် ပြုလုပ်ခဲ့သူ အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာ၌ ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ **"အောင်စိုးမင်း"** ဂီတပဒေသာ ဆိုင်းအဖွဲ့က တီးခတ်ကပြဖျော်ဖြေခဲ့ရာ ဒီဇင်ဘာ ၆ ရက် ညပိုင်းက တီးမှုတ်ကပြ ဖျော်ဖြေမှုတွင် ကြာနီကန်ဆရာတော်၏ အနန္တငါးပါးရှိခိုးမှုနှင့် ကိုရီးယားဂန်းနန်းစတိုင် သီချင်းတီးလုံးတို့အား ပေါင်းစပ်သရုပ်ဖော်၍ ဆိုင်းဆရာအဖြစ် စိုးသိန်း (ခ)အောင်စိုးမင်းက တီးခတ်ခဲ့ပြီး လူရွှင်တော်ဖြစ်သူ စိုးမင်းဦးက သင်္ကန်းဝတ်ဆင် သရုပ်ဖော်ပြီး ကိုရီးယားသီချင်း တီးလုံးဖြင့် သင်္ကန်းအားချွတ်ကာ အများပြည်သူအမြင်မတင့်တယ်သည့် ညစ်ညမ်းသောအပြုအမူဖြင့် အင်္ကျီမပါ ပုဆိုးခါးတောင်းကျိုက်ပြီး သရုပ်ပျက်ကပြရာတွင် ထက်လင်းဦး (ခ)မျက်ပြူး၊ ကိုဖြိုး (ခ)ဝေဖြိုးထက်နှင့် နန်းဝတီတို့က ပါဝင်သရုပ်ဖော် ကပြခဲ့ကြကြောင်းသိရှိရသဖြင့် ပြစ်မှုကျူးလွန်သူများအား အရေးယူနိုင်ရေးအတွက် တောင်ညိုနယ်မြေ ရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၂၉၄/ ၂၉၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်နေသူများ ဖြစ်ကြသည့် **"အောင်စိုးမင်း"** ဂီတပဒေသာ ဆိုင်းအဖွဲ့မှ ဆိုင်းဆရာဖြစ်သူ စိုးသိန်း(ခ)အောင်စိုးမင်း (၅၈)နှစ်၊ သင်္ကန်းဝတ်ဆင်၍ သရုပ်ပျက်ကပြခဲ့သည့် လူရွှင်တော်ဖြစ်သူ စိုးမင်းဦး (၄၂) နှစ်၊ ပါဝင်ကပြဖျော်ဖြေခဲ့သူ နန်းဝတီ(၁၆)နှစ်၊ ကျွဲရှင်းကျေးရွာနေ ကိုဖြိုး (ခ) ဝေဖြိုးထက် (၃၉)နှစ်တို့ လေးဦးအား ယင်းနေ့ ည ၁၀ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ လယ်ဝေးမြို့နယ် ကြောင်ရေ ကျေးရွာနေ ထက်လင်းဦး (ခ) မျက်ပြူး (၂၈)နှစ်အား ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ၎င်းတို့၏ နေအိမ် အသီးသီး၌ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ အများပြည်သူ၏ ဘာသာရေးယုံကြည်မှုစိတ်ကို စော်ကားရန်၊ သာသနာအား ညှိုးနွမ်းစေရန်နှင့် အများပြည်သူ အမြင်မတင့်တယ်စေရန် တီးမှုတ်ကပြ ဖျော်ဖြေခဲ့သူများ ဖြစ်သည့် စိုးသိန်း(ခ)အောင်စိုးမင်း ပါ ငါးဦးတို့အား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၁၅ လုံး ထပ်မံဖြိုချဖျက်ဆီး၊ အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် ကွန်ပျူတာများသိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင်အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ် မြဝတီမြို့ KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ - မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိတရားမဝင်သုံးထပ်အဆောက်အအုံ တစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ၁၄ လုံး၊ စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၅ လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံစုစုပေါင်း ၆၃၅ လုံး အနက် ၄၁၃ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှ စတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း မြဝတီမြို့ အမှတ်(၅) ရပ်ကွက်အတွင်းရှိ အဆောက်အအုံတစ်လုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် All in One ကွန်ပျူတာ အလုံး၃၀ တို့ကို စစ်ဆေးဖော်ထုတ်သိမ်းဆည်းရမိသည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


မြဝတီမြို့ အမှတ် (၅)ရပ်ကွက်အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာများ သိမ်းဆည်းရမိမှု။


မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။



KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် သုံးထပ်လူနေအဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ (ဒုတိယအကြိမ်) လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် မန်းမြင့်မိုရ်ဟိန်း သာသနာ့ဗိမာန်ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၃**

နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် လူတစ်စုအားကစားမှ လူထုအားကစားသို့ဟူသော ရည်မှန်းချက်ကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်များဖြင့် မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ (ဒုတိယအကြိမ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြား ရတနာပုံဥယျာဉ်၌ ကျင်းပသည်။

**လှုပ်ရှားဆောင်ရွက်**

ဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် အားကစားဝါသနာရှင် ပြည်သူများသည် ရတနာပုံဥယျာဉ်နှင့် ကျုံးရေပြင်ကြား ၁၉ လမ်း ဦးထိပ်တံတားထိပ်အနီးရှိ တာလွှတ်နေရာမှ ကျုံးအရှေ့တောင်ဘက်ထောင့်အထိ စုပေါင်းလမ်းလျှောက်ကြပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု ကာယလေ့ကျင့်ခန်းအတွဲ (၁/၂)၊ Physical Fitness Dance များဖြင့် တပျော်တပါး လှုပ်ရှားဆောင်ရွက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အောင်မြေသာစံမြို့နယ်ရှိ ဣန္ဒြိယာရာမ ရွှေဂူပရိယတ္တိစာသင်တိုက်အတွင်း မန်းမြင့်မိုရ်ဟိန်း သာသနာ့ဗိမာန်ပန္နက်တော်တင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။



အခမ်းအနားသို့ မဟာသုဗောဓာရုံကျောင်းတိုက်များ၏ ပဓာနနာယက ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသအမှူးပြု၍ မန္တလေးကျောင်းထိုင်ဘုန်းကြီးကျောင်း ဆရာတော်ကြီးနှင့် ဆရာတော်၊ သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသက ဥရုပန္နက်တော်နေရာနှင့် ဆရာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ မင်္ဂလာအချိန်တွင် ရတနာပန္နက်တော် ကိုးချက်စိုက်ထူပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် မနောမရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တကေသဝထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အလှူရှင်မိသားစုက ဓမ္မပူဇာအဖြစ် အလှူငွေကျပ် သိန်း ၃၀ နှင့် တောင်ကြီးမြို့ ဘုရားကြီးအနောက်ကျောင်း ပရိယတ္တိစာသင်တိုက်အတွင်း အနန္တဂုဏ်ရည်သုံးထပ်ကျောင်းဆောင်တော်ကြီးအတွက် အလှူငွေကျပ် သိန်း ၂၅၀၊ အလှူရှင်များက သစ္စာအဓိဋ္ဌာန်အောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ၂၄ နာရီ မီးလင်းနိုင်ရေးအတွက် အလှူငွေများနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဧည့်ပရိသတ်များက ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ရှမ်းပြည်နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေး

**တောင်ကြီး ဒီဇင်ဘာ ၁၃**

ရှမ်းပြည်နယ် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒီဇင်ဘာ ၁၀ ရက်တွင် သမဝါယမအသင်းများ၏ သာမန်စစ်ဆေးခြင်းနှင့် နှစ်ချုပ်စစ်ဆေးခြင်းများအတွက် ဆွေးနွေးပွဲကို ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်က သမဝါယမအသင်းများအား စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ် ၄၂ မြို့နယ်မှ အရာထမ်း/အမှုထမ်း ဝန်ထမ်းများက မိမိတို့မြို့နယ်အတွင်း သာမန်စစ်ဆေးခြင်းနှင့် နှစ်ချုပ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် လိုအပ်ချက်၊ အားနည်းချက်များကို ဆွေးနွေးတင်ပြကြရာ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပိုးတောင်း**

## အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ရုံးခန်းမ၌ ဖွင့်လှစ်သည်။



**ဆွေးနွေး**

သင်တန်းတွင် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ဇင်ကေသွယ်က အမှာစကားပြောကြားပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ စည်းကြပ်သည့် ဥပဒေများနှင့် နည်းဥပဒေများကို ရှင်းလင်းပြီး အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနက အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနက စည်းကြပ်သည့် ဥပဒေများနှင့် နည်းဥပဒေများကို ဆွေးနွေးသည်။

ထို့နောက် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးဥပဒေပါ အာမခံစနစ်များ၊ ထည့်ဝင်ကြေးနှုန်းထားများ ငွေကြေးအကျိုးခံစားခွင့်များကို ရှင်းလင်းခြင်း၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနက စည်းကြပ်သော ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ၊ နည်းဥပဒေများ အငြင်းပွားမှုဖြေရှင်းခြင်းနည်းလမ်းများကို ပို့ချခဲ့ပြီး လက်တွေ့အငြင်းပွားမှု ဖြေရှင်းခြင်းကို သင်တန်းများဖြင့် ရှင်းလင်းဆောင်ရွက်သည်။

အဆိုပါ သင်တန်းသို့ သီလဝါအထူးစီးပွားရေးဇုန်၊ သန်လျင်၊ ကျောက်တန်းမြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် သင်တန်းသားသင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်လတ်**

## ထန်းတပင်မြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားလုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တံတားတည်ဆောက်ရေး(ရုံးချုပ်)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အတွင်းရေကျော် - အမယ်ကြီးအို - စံချောင်းလမ်းပေါ်ရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၁ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံရေး) ဦးရဲခေါင်ထွန်း၊ မော်ဘီခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများက အတွင်းရေကျော်-အမယ်ကြီးအို - စံချောင်းလမ်းပေါ်ရှိ ၃၆ မီတာအရှည် ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**





## ချောင်းဆုံမြို့နယ်၌ မိုးစပါးရိတ်သိမ်းနေမှု ကွင်းဆင်းကြည့်ရှု

**ချောင်းဆုံ ဒီဇင်ဘာ ၁၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အားမာန်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းသား တောင်သူ ဦးတင်ရှိန်၏ ဂျပန်ရွှေဝါထွန်း မျိုးစပါးစိုက်ကေ ရှစ်ကေရိတ်သိမ်းနေမှုကို ယမန်နေ့နံနက်ပိုင်းတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူနှင့် ဝန်ထမ်းများက မိုးစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကာ တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။ ချောင်းဆုံမြို့နယ်အတွင်း၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးထားသည့် အသင်းသားတောင်သူ ၅၄ ဦး၏ မိုးစပါးစိုက်ကေ ၁၅၉ ကေရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၃

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀) သို့ တက်ရောက်ကြမည့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ သွားရောက်တွေ့ဆုံကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက အမှာစကားများ ပြောကြားကြပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၀) သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများ အတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မင်းဘူး(စကု)မြို့နယ်ရှိ မန်းရေနံမြေမှ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျုံးဝင်မှတ်ပုံတင်ထားသူအား အကျိုးခံစားခွင့်ငွေကျပ်သိန်း ၁၂၀ ကျော် ပေးအပ်

မင်းဘူး ဒီဇင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မန်းရေနံမြေမှ အာမခံအလုပ်သမား တစ်ဦးအား လုပ်ငန်းခွင်ထိခိုက် သေဆုံးမှုအတွက် လူမှုဖူလုံရေး အကျိုးခံစားခွင့်ငွေများ ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက မန်းရေနံမြေ အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မန်းရေနံမြေမှ အထွေထွေမန်နေဂျာ ဦးကျော်မင်းအေးက အဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မန်းရေနံမြေမှ မြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသည့် အာမခံ အလုပ်သမားတစ်ဦး လုပ်ငန်းခွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၁၂၉၆၀၀၀၀ ကို အာမခံထားသူ၏ဇနီးဖြစ်သူထံ လက်ဝယ် အရောက် ပေးအပ်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့သည် အကျုံးဝင် မှတ်ပုံတင်ထားသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနမှ အာမခံ အလုပ်သမားများအား အကျိုးခံစားခွင့်များကို သတ်မှတ် စည်းကမ်းချက်များနှင့် အညီ ထုတ်ပေးလျက်ရှိကြောင်း မြို့နယ် လူမှုဖူလုံရေးအဖွဲ့မှ သိရသည်။

မောင်မောင်(မင်းဘူး)



## ဆီဆိုင်မြို့နယ်၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

ဆီဆိုင် ဒီဇင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ထီလုံးဆူကျေးရွာရှိ ဘိန်းစိုက်ခင်းများကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဖျက်ဆီးသည်။

ထိုသို့ဖျက်ဆီးရာတွင် ဆီဆိုင်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပါဝင်သော ဘိန်းစိုက်ခင်းဖျက်ဆီးရေးအဖွဲ့က ထီလုံးဆူကျေးရွာ၏ အရှေ့မြောက်ဘက် ခြောက်ဖာလုံခန့်အကွာရှိ အမြင့် သုံးပေခန့်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ရှစ်ဧကကိုလည်းကောင်း၊ ထီလုံးဆူကျေးရွာ၏ အရှေ့ဘက် သုံးဖာလုံအကွာရှိ အမြင့် သုံးပေခန့်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၅ ဧကကိုလည်းကောင်း စုစုပေါင်းဘိန်းစိုက်ခင်း ၃၃ ဧကကို ဖျက်ဆီးခဲ့ကြသည်။ ဆီဆိုင်မြို့နယ်တွင် ဘိန်းစိုက်ခင်းများအား ဘိန်းစိုက်ခင်းဖျက်ဆီးရေးအဖွဲ့မှ ဒီဇင်ဘာ ၄ ရက်မှစတင်၍ ဖျက်ဆီး လျက်ရှိရာ စုစုပေါင်း ၁၁၉ ဧကကို ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြင်ဦးလွင်မြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်



ပြင်ဦးလွင် ဒီဇင်ဘာ ၁၃

မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ခရိုင်/မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ခရိုင်/မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ပညာရေး ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၁၁ ရက်က ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁)တွင် သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေး(HPV) ထိုးနှံပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းများကို ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရွှေစင်မင်း သီလရှင်ကျောင်းရှိ အသက် ကိုးနှစ်ပြည့်ပြီး (၁၂) နှစ် မကျော်သော သီလရှင်နှင့် မိန်းကလေး ၅၀ တို့အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

သွေးသွေး(ပြန်/ဆက်)

## မြန်မာ့သမဝါယမစတင်ခြင်းအထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးနှင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်မည့် မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးနှင့် သစ်ပင်စိုက်ပျိုးပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းက သမဝါယမစာရင်းရေး စာရင်းကိုင်နှင့် သက်မွေးပညာသင်တန်းကျောင်း(မော်လမြိုင်)၌ ကျင်းပသည်။

အဆိုပါပွဲသို့ မွန်ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း (မော်လမြိုင်) ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၇ ဦးခန့် တက်ရောက်ပြီး သင်တန်းကျောင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ကျောင်းပတ်ဝန်းကျင်စိမ်းလန်းသာယာစိုပြည်စေရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# မြဝတီမြို့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ



မြဝတီ ဒီဇင်ဘာ ၁၃

ကရင်ပြည်နယ် မြဝတီမြို့တွင် ရွေးကောက်ပွဲလှုံ့ဆော်မှု အသိပညာပေးဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မော်အောင်နှင့်အဖွဲ့ဝင်များ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့" မြေစိုက်ပိုစတာကို အမွှေးနံ့သာရည်ပက်ဖျန်း၍ ဖွင့်လှစ်ပေးကာ ခရီးသွားလာပြည်သူများအား "ဒို့အတူတူမဲပေးကြမယ်"အသိပညာပေး လက်ကမ်းစာစောင် ၅၀၀ ကို ဖြန့်ဝေခဲ့ကြသည်။

အလားတူ မြဝတီမြို့ အမှတ်(၁)၊(၂)၊(၃)၊(၄)၊(၅)၊(၆)၊(၇) ရပ်ကွက်များရှိ လူစည်ကားရာနေရာများဖြစ်သည့် ဘုရင့်နောင်ဈေး၊ ကျွန်းတောဈေး၊ ကြံခင်းဈေးများ၌ လည်းကောင်း၊ လမ်းဆုံလမ်းခွများရှိ ခရီးသွားလာပြည်သူများအား လည်းကောင်း "ဒို့အတူတူမဲပေးကြမယ်" အသိပညာပေး ပိုစတာများ ချိတ်ဆွဲခြင်းနှင့် လက်ကမ်းစာစောင် ၃၀၀၀ ဖြန့်ဝေခြင်းတို့ကို ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



မန္တလေး တိုင်းဒေသကြီး ညောင်ဦးခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် ပုဂံနယ်မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များ၊ တောင်ဘီကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြင်းကပါကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၁၂ ရက်တွင် ညောင်ဦးမြို့နယ် ပုဂံမြို့ရှိ မဲရုံများနှင့် မဲရုံပတ်ဝန်းကျင် မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးစဉ်။ ဒီပါလင်း




# ရေးမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ



ရေး ဒီဇင်ဘာ ၁၃

မွန်ပြည်နယ် ရေးမြို့နယ်တွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် "ဒို့အတူတူ မဲပေးကြမယ်"ရွေးကောက်ပွဲ လှုံ့ဆော်မှု ဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက သီရိနန္ဒာရပ်ကွက် တနင်္သာရီလမ်းမကြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့ မျက်နှာစာ၌ ဆောင်ရွက်သည်။

အဆိုပါ ဆိုင်းဘုတ်အားနယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခိုင်ဇော်၊ ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထိန်စိုးနှင့် ခရိုင်စီမံအဖွဲ့ဝင်များက အမွှေးနံ့သာရည်များပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။

ထို့နောက်"ဒို့အတူတူ မဲပေးကြမယ်" လက်ကမ်းစာစောင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များက တနင်္သာရီလမ်းမကြီး တစ်လျှောက် ခရီးသွားပြည်သူများနှင့် ယာဉ်များ၊ လူစည်ကားရာနေရာတို့၌ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

မင်းမင်း

# အမရပူရမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

အမရပူရ ဒီဇင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက် ၁၀ နာရီခွဲက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မေတ္တာရိပ်ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်ထားထားစိန်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းက လူငယ်စကားဝိုင်းများ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ Grade-10 ကျောင်းသား မောင်ပြည့်ဖြိုးဇော်၊ Grade-10 ကျောင်းသူ မရွှန်းလဲ့ဝေ၊ Grade-11 ကျောင်းသား မောင်အောင်ကိုဇင်နှင့် Grade-11 ကျောင်းသူ မမေဘွဲ့မှူးတို့က ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲမှ ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

စိုးသီဟ(ပြန်/ဆက်)



# ပြည်မြို့၌ ရွေးကောက်ပွဲလှုံ့ဆော်မှု မြေစိုက်ပိုစတာစိုက်ထူ




ပြည် ဒီဇင်ဘာ ၁၃

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ မဲပေးပိုင်ခွင့် အခွင့်အရေးပြည့်ဝစွာ ရရှိစေရေးအတွက် "ဒို့အတူတူ မဲပေးကြမယ်" ရွေးကောက်ပွဲလှုံ့ဆော်မှု အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြည်မြို့ ဗိုလ်ချုပ်လမ်း ဘူတာရုံရှေ့၌ ကျင်းပရာ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက "ဒို့အတူတူ မဲပေးကြမယ်"အသိပညာပေးလက်ကမ်းစာစောင်များကို လူစည်ကားရာနေရာများဖြစ်သည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကိုးသောင်းဈေးကြီးအတွင်းနှင့် ဗိုလ်ချုပ်လမ်းမပေါ်ရှိ လမ်းသွားလမ်းလာပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝဏ္ဏာထွန်း(ပြန်/ဆက်)

# မဲရုံများ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်

ပင်းတယ ဒီဇင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်နေစဉ်ကာလအတွင်း ပင်းတယမြို့နယ်ရှိ မဲရုံများ မီးလောင်မီးလန့်မှုများ ဖြစ်ပွားခြင်းမရှိစေရန် မဲရုံများ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ခြင်းများကို ယနေ့နံနက်ပိုင်းမှစ၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင် ဦးဆောင်သော သန္ဓေ/ အရန်မီးသတ်တပ်ဖွဲ့ဝင်များက တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးမိုးထွေး(ပြန်/ဆက်)



❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အခြေခံပညာကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ ဆေးရုံများနှင့် ဘိုးဘွားရိပ်သာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၁၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၃ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၊ လှည်းကူးမြို့နယ်၊ ခရမ်းမြို့နယ်၊ သုံးခွမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ရှိ ဘုရားစေတီပုထိုးများ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဘာသာရေးကျောင်းများနှင့် လမ်းမကြီးတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မကွေးမြို့နယ်၌ မဲပေးစက်သိမ်းဆည်းထားသည့် အဆောက်အအုံများ မီးဘေးလုံခြုံရေးစစ်ဆေး

**မကွေး ဒီဇင်ဘာ ၁၃**

မကွေးမြို့နယ်၌ ရွေးကောက်ပွဲကာလအတွင်း မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ကော်မရှင်ရုံးနှင့် မဲပေးစက်သိမ်းဆည်းထားသည့် အဆောက်အအုံများအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၀ ရက်တွင် ဆောင်ရွက်သည်။

အဆိုပါမီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများပူးပေါင်း၍ ကော်မရှင်ရုံးနှင့် မဲပေးစက်သိမ်းဆည်းထားသည့် အဆောက်အအုံများတွင် တပ်ဆင်ထားရှိသော မီးသတ်ဆေးဘူးများ ကောင်းမွန်ခြင်း ရှိ၊ မရှိ၊ လျှပ်စစ်မီးအသုံးပြုမှုများ စနစ်တကျ ရှိ၊ မရှိနှင့် ရေရရှိရေးဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# ရန်ကင်းမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်းသို့ ယာယီနေရပ်စွန့်ခွာရောက်ရှိလာသူ ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ် အမှတ်(၁၄)ရပ်ကွက် မိုးကောင်းဘုရားလမ်းရှိ မဟာသာသနာ့ဗိမာန်တော်ကြီး၌ ဆောင်ရွက်သည်။

**လက်ဝယ်အရောက်ပေးအပ်**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းလတ်က ယာယီနေရပ်စွန့်ခွာပြည်သူများအား ငွေကျပ် ၂၀၀၀၀ စီပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူ ၅၃၀ အား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် သုံးလအတွက် ငွေကျပ် ၆၀၀၀၀ ကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။



**လှလှထွေး**

# နတ်တလင်းမြို့နယ်၌ အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ သာယာဝတီခရိုင် လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်သည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်တွင် အထက (နတ်တလင်း)၌ ကျင်းပသည်။



အခမ်းအနားတွင် အထက (နတ်တလင်း)ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်ကျော်က အမှာစကားပြောကြားပြီး သာယာဝတီခရိုင် လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု စတင်ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ အသိပညာပေး ပြောကြားသည်။

ဆက်လက်၍ ဇီးကုန်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဇော်ထက်က ကျား၊ မအခြေပြု အကြမ်းဖက်မှုအကြောင်းအရာများကို အသိပညာပေးပြောကြားပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးဌာနမှ အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်ခင်ချိုဝင်းက အာဟာရ ရွှေ့ဆောင်ရက် ၁၀၀၀ နှင့် အမျိုးသမီး ကျန်းမာရေးအကြောင်းအရာများကို ဟောပြောကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ဝေယံဖြိုး(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက်ရှိ စံပြငမိုးရိပ်ဈေးနှင့် ဦးစံဖေရပ်ကွက်ရှိ သင်္ဃန်းကျွန်းဈေးတို့၌ ဒီဇင်ဘာ ၁၀ ရက်တွင် မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဝင်းဦး ဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ငါးဦးဖြင့် မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို စစ်ဆေးဆောင်ရွက်စဉ်။

သင်္ဃန်းကျွန်း(ပြန်/ဆက်)

# ဘားအံမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ



**ဘားအံ ဒီဇင်ဘာ ၁၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဒီဇင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဘားအံမြို့နယ် သမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌ ဦးဌေးအောင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အသင်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ကရင်ပြည်နယ်အတွင်း သမဝါယမကဏ္ဍက ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းသီးနှံများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အမှုဆောင်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများ၊ အမြတ်ခွဲဝေမှုစာရင်းနှင့် အသင်းစာရင်းစစ် အစီရင်ခံစာများကို ဖတ်ကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လပွတ္တာမြို့နယ်၌ ဆောင်းရာသီ ဆီထွက်သီးနှံနေကြာစိုက်ပျိုးပွဲ ကျင်းပ



လပွတ္တာ ဒီဇင်ဘာ ၁၃

ဧရာဝတီ တိုင်းဒေသကြီး လပွတ္တာမြို့နယ် မြို့မအုပ်စု (၁)မိုင်ရှမ်းစုကျေးရွာတွင် ယမန်နေ့နံနက် ၉ နာရီက ဆောင်းရာသီ ဆီထွက်သီးနှံ နေကြာကျင်း ၁၀၀၀ ဆီတစ်ပုံး စိုက်ပျိုးပွဲနှင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကား ပြောကြားခြင်း၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ဆီထွက်သီးနှံနေကြာကျင်း ၁၀၀၀ ဆီတစ်ပုံးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က စံကွက်ရိတ်သိမ်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး (၁)မိုင်ရှမ်းစုကျေးရွာ တောင်သူ ဦးမြင့်ရွှေ၏ လယ်မြေ ၁၀ ဧကတွင် အောင်နိုင်တိုးစပါးမျိုး စံကွက်ရိတ်သိမ်းရာ တစ်ဧက အထွက်နှုန်း ၁၄၂ ဒသမ ၃၃ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တောင်သူ ဦးမြင့်ရွှေ၏လယ်မြေ ငါးဧကတွင် Supersun-41 နေကြာမျိုးအား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများက ကျင်း ၁၀၀၀ ဆီတစ်ပုံး မျိုးစေ့ချစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကျောက်တန်းမြို့နယ်၌ (နေကြာ)မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ကျောက်တန်း ဒီဇင်ဘာ ၁၃

သန်လျင်ခရိုင် ကျောက်တန်းမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ခုနှစ် ဆောင်းသီးနှံ ( နေကြာ) မျိုးစေ့ချစက်ဖြင့် စိုက်ပျိုးခြင်းနှင့် နေကြာမျိုး



စေ့များ၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များ ပေးအပ်ပွဲ အခမ်းအနားကို ကျောက်တန်းမြို့ ညောင်ဝိုင်းကျေးရွာအုပ်စုရှိ ဆောင်းသီးနှံ(နေကြာ) စိုက်ပျိုးမည့် တောင်သူ ဦးနေလင်းအောင်၏ စံပြနေကြာစိုက်ခင်းတွင် ဒီဇင်ဘာ ၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် သန်လျင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထိန်လင်းဟန်က နေကြာပန်းတိုင်အထွက်နှုန်းရရှိနိုင်ရေး လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံတောင်သူများအား နေကြာမျိုးစေ့များ၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့များ ထောက်ပံ့ပေးအပ်ပြီး တောင်သူ ဦးနေလင်းအောင်၏ စံပြနေကြာစိုက်ခင်းများတွင် နေကြာမျိုးစေ့ချစက်ဖြင့် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သန့်ဇင်ထွန်း

# တိုက်ကြီးမြို့နယ်၌ ဆောင်းသီးနှံ(နေကြာ) မျိုးစေ့ချစက်ဖြင့် လက်တွေ့သရုပ်ပြ စိုက်ပျိုးခြင်းနှင့် နွေစပါးအတွက် မျိုးစေ့ချကိရိယာများ ပေးအပ်ပွဲကျင်းပ



တိုက်ကြီး ဒီဇင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဆောင်းသီးနှံ (နေကြာ) မျိုးစေ့ချစက်ဖြင့် လက်တွေ့သရုပ်ပြ စိုက်ပျိုးခြင်း၊ နေကြာမျိုးစေ့နှင့် ဓာတ်မြေဩဇာများ ပေးအပ်ခြင်းနှင့် နွေစပါးအတွက် မျိုးစေ့ချကိရိယာများ ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၁ ရက်တွင် သရက်ချောင်းကျေးရွာ တောင်သူ ဒေါ်တင့်တင့်ဝေ၏ လယ်မြေ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသူအောင်က နိုင်ငံတော်၏ ဆီဖူလုံမှုလိုအပ်ချက်နှင့် မိမိတို့ဒေသအတွင်း ဆီဖူလုံမှုလိုအပ်ချက်တို့ကို ဖြည့်တင်းနိုင်စေရန် ရည်ရွယ်၍ နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးက နေကြာသီးနှံကို အဓိကထား စိုက်ပျိုးရေး၊ ဝတ်မှုန်ကူးခြင်းနည်းလမ်းနှင့် အောင်ရေရရှိရေးနည်းလမ်း စဉ်းစားဆောင်ရွက်ကြရေးနှင့် စပါးများကို Seeder စနစ်ဖြင့်သာ စိုက်ပျိုးရေးဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က နေကြာစိုက်ပျိုးနည်းစနစ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေကြာစိုက်ပျိုးမည့် တောင်သူများအား နေကြာမျိုးစေ့များ၊ ဓာတ်မြေဩဇာများ၊ Drum Seeder များ ပေးအပ်ခဲ့ပြီး တက်ရောက်လာသူများက နည်းလမ်းသုံးသွယ်ဖြင့် နေကြာစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့တွင် ဖာပွန်ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ ကမမောင်းမြို့ အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဦး၊ မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးဟန်သက်တို့ပူးပေါင်း၍ ဒီဇင်ဘာ ၁၁ ရက်တွင် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မီးသတိပေးနှိုးဆော်ခြင်းနှင့် မဲရုံပတ်ဝန်းကျင်ရှိ လူနေအိမ်များသို့သွားရောက်၍ မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးစဉ်။ ကမမောင်း(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာန ကျေးလက်ကျန်းမာရေးဌာန/ခွဲများတွင် အသက်(၉နှစ်မှ၁၂နှစ်) အရွယ်မိန်းကလေးများအား(ကျောင်းအခြေပြုနှင့် ပြည်သူလူထုအခြေပြု) သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးကို ဒီဇင်ဘာ ၈ ရက်မှ စတင်ကွင်းဆင်း၍ ထိုးနှံပေးစဉ်။

ကျော်ကျော် (ပြန်/ဆက်)



မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်အတွင်းရှိ မဲရုံများဖြစ်သော မဲရုံ (၁)၊(၂ )အမက ၅၊ မဲရုံ (၃)၊(၄) အမက ၈၊ မဲရုံ (၅)၊(၆)၊အမက ၂၊ မဲရုံ (၇)၊(၈) အမက ၂၃ မဲရုံများနှင့် ပတ်ဝန်းကျင်ရှိ လူနေအိမ်များအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးအကြံပြုခြင်းများကို ဒီဇင်ဘာ ၁၂ ရက်တွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်စဉ်။ ချမ်းသာ(မိတ္ထီလာ)





# ပြင်ဦးလွင်မြို့နယ်အတွင်း ကော်ဖီခြံများအား စာချုပ်ပါစည်းကမ်းနှင့်ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးသွားမည်

မန္တလေး ဒီဇင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းသည် ယမန်နေ့မွန်းလွဲပိုင်းက မြန်မာ-ခါနန်တောင်သူလယ်သမား နည်းပညာဖွံ့ဖြိုးမှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ပြင်ဦးလွင်ခရိုင်ရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ရှင်းလင်းမှာကြားသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ပြင်ဦးလွင်ခရိုင်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဌာနမှ မျိုး၊ မြေ၊ ရေ၊ နည်းလိုအပ်ချက်များ ပံ့ပိုးပေးရန် လိုအပ်ကြောင်း၊ ကော်ဖီခြံများအား ဌာနမှ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များဖွဲ့စည်း၍ စစ်ဆေးကြပ်မတ်စေရန် လိုအပ်ကြောင်း၊ ယခုနှစ်ဒီဇင်ဘာလအတွင်း အပြီးစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ စာချုပ်ပါစည်းကမ်းနှင့်မကိုက်ညီသော ခြံများအား အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ကျန်ရှိနေသော ကော်ဖီစီမံကိန်းမြေများကို ဆက်လက်ချထားပေးသွားမည်ဖြစ်ကြောင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## လက်ပံတန်းမြို့နယ်၌ “ဒို့အတူတူမဲပေးကြမယ်” အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

လက်ပံတန်း ဒီဇင်ဘာ ၁၃

ရွေးကောက်ပွဲတွင် ပြည်သူများအားလုံးပါဝင်နိုင်ရန်အတွက် “ဒို့အတူတူမဲပေးကြမယ်” အသိပညာပေး လက်ကမ်းစာစောင်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာကော်မတီ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာအဖွဲ့များသည် ယမန်နေ့နံနက်ပိုင်းက လက်ပံတန်းမြို့ (၁)လမ်း အဝိုင်းနှင့် မြို့မဈေးအတွင်း၌ ဖြန့်ဝေပေးကြသည်။

မြို့နယ်(ပြန်/ဆက်)

## ပုဗ္ဗန်တောင်မြို့နယ်၌ ခေါင်းစည်းဆံညှပ် အလှဆင်ပြုလုပ်နည်းသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၃

ရန်ကုန်တိုင်း ဒေသကြီး ပုဗ္ဗန်တောင်မြို့နယ်ရှိ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ခေါင်းစည်းဆံညှပ် အလှဆင်ပြုလုပ်နည်း သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။



**တက်ရောက်**

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း ဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်မော်မော်သန်း၊ ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦး၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၄ ခရိုင်မှအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက သင်တန်းဆင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယကဒေါ်မော်မော်သန်းက သင်တန်းနည်းပြ ဆရာမအား အမှတ်တရလက်ဆောင် ပေးအပ်သည်။

အဆိုပါ ခေါင်းစည်းဆံညှပ်သင်တန်းကို ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ နှစ်ရက်တိုင် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ သင်တန်းနည်းပြ ဆရာမ ဒေါ်စန်းစန်းနွဲ့က သင်တန်းသူ ၄၀ အား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဟန်စုယဉ်**

## မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ



ဇီးကုန်း ဒီဇင်ဘာ ၁၃

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်မည့် မြန်မာ့သမဝါယမစတင်ခြင်း (၁၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် အောင်ဇမ္ဗူ အထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌက အသင်းသားများအား ယမန်နေ့က ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရွှေပြည်သာမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၃

ရန်ကုန်တိုင်း ဒေသကြီး ရွှေပြည်သာမြို့နယ် သမဝါယမ အသင်းစုလီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်နှင့် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမ အသင်းစုလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးအောင်မိုးက အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်အေးသူမြင့်က သမဝါယမအသင်းများ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အသင်းများ ရေရှည်ရှင်သန် ဖွံ့ဖြိုးတိုးတက်စေမည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းစုအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြား၍ အသင်းသားများထံမှ အတည်ပြုချက် ရယူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရန်ကင်းမြို့နယ်အတွင်းရှိ မီးသတ်ရေငုတ်များ ရေရရှိမှုအခြေအနေစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မီးငြှိမ်းသတ်ရေးအတွက် ရေရရှိရေးဆောင်ရွက်ပေးထားသည့် မီးသတ်ရေငုတ်များ၏ ရေရရှိမှုအခြေအနေကို ဒီဇင်ဘာ ၁၂ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးထိန်းလင်း ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး၊ ရေနှင့်သန့်ရှင်းမှုဌာနတို့မှ တာဝန်ရှိသူများက သန္ဓေမီးသတ်တပ်ဖွဲ့ဝင် လေးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးတို့နှင့်အတူ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ချမ်းအေးသာစံမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်



ချမ်းအေးသာစံ ဒီဇင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးညီထွေးဦးက ဦးဆောင်ကာ ဒီဇင်ဘာ ၁၂ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့သရုပ်ပြခြင်းများကို အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဆောင်ရွက်သည်။

ဦးစွာ ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးညီထွေးဦးက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးအကြောင်းအရာများ ဟောပြောပြီး မီးငြှိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေး လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။ **ချမ်းမြွှေမောင်(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အထက(ပုသိမ်ကြီး)၌ ဒီဇင်ဘာ ၁၂ ရက်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသန့်က မီးဘေးအန္တရာယ်၊ သဘာဝဘေးနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခဲ့မှုကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများက လက်တွေ့မီးငြှိမ်းသတ်စဉ်။ ဇာနည်ကိုကို(ပြန်/ဆက်)

## ဝမ်းတွင်းမြို့နယ်၌ တရားမဝင်ဓာတ်အားသုံးစွဲမှုပပျောက်ရေး ကွင်းဆင်းစစ်ဆေး

ဝမ်းတွင်း ဒီဇင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ တရားမဝင် ဓာတ်အားသုံးစွဲမှု ပပျောက်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးအနေဖြင့် ဌာနဝင်ငွေတိုးတက်ရရှိရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများ ပပျောက်ရေးအတွက် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်မျိုးချစ်အေးနှင့် ဒုတိယမြို့နယ်လျှပ်စစ်မန်နေဂျာ ဦးသိန်းထူးတို့ ဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များက မြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်၊ စက်ရုံ၊ အလုပ်ရုံတို့တွင် ကွင်းဆင်းစစ်ဆေးကြပြီး မြို့နယ်အတွင်း တရားမဝင်ဓာတ်အားသုံးစွဲမှုများ ပပျောက်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# တိုင်းမ်မဂ္ဂဇင်းက ဉာဏ်ရည်တု တီထွင်ဖန်တီးခဲ့သူများကို ၎င်း၏ ၂၀၂၅ ခုနှစ် အကောင်းဆုံးပုဂ္ဂိုလ်အဖြစ် သတ်မှတ်

ဝါရှင်တန် ဒီဇင်ဘာ ၁၃

တိုင်းမ်မဂ္ဂဇင်းက ဉာဏ်ရည်တု တီထွင်ဖန်တီးခဲ့သူများကို ၎င်း၏ ၂၀၂၅ ခုနှစ် အကောင်းဆုံးပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

တိုင်းမ်မဂ္ဂဇင်းက "The Architects of AI" ခေါင်းစဉ်ဖြင့် ဉာဏ်ရည်တု တီထွင်ဖန်တီးခဲ့သူများအား ဂုဏ်ပြုသည့်ပုံကို ၎င်း၏ မျက်နှာဖုံးတွင် ထည့်သွင်းဖော်ပြခဲ့သည်။

အဆိုပါဓာတ်ပုံသည် ဉာဏ်ရည်တုနည်းပညာဖြင့် အမေရိကန်အနုပညာရှင်တစ်ဦး ဖန်တီးပြုလုပ်ထားသည့် ဒစ်ဂျစ်တယ်ပန်းချီကားတစ်ချပ်ပုံဖြစ်သည်။ ၎င်းသည် ၁၉၃၀ ပြည့်နှစ်အတွင်းက ကျော်ကြားခဲ့သော ဓာတ်ပုံကို အခြေခံထားသည်။

၎င်းဓာတ်ပုံတွင် OpenAI ၏ ဆမ်အက်မန်နှင့် နီဗီဒီယာ၏ ဂျန်ဆန်ဟောင်တို့ အပါအဝင် နည်းပညာဖြင့် ကုမ္ပဏီကြီးရှစ်ခု၏ အမှုဆောင်အရာရှိချုပ် ရှစ်ဦးက မိုးမျှော်တိုက်များဆောက်လုပ်ရန်အတွက် သွယ်တန်းထားသည့် သံမဏိတန်းတစ်ခုပေါ်တွင် အတူတကွထိုင်ကာ စကားပြောနေသည့်ပုံကို ဖန်တီးထားခြင်းဖြစ်သည်။

ဒေါ်နယ်ထရမ့်အစိုးရက ဉာဏ်ရည်တုနည်းပညာနယ်ပယ်၌ ပိုမိုရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အားပေးလျက်ရှိကြောင်း တိုင်းမ်မဂ္ဂဇင်းက ရေးသားခဲ့သည်။

သမ္မတ ထရမ့်၏မူဝါဒများသည် ဉာဏ်ရည်တုနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှုနှင့် နည်းပညာ၏အဆင့်မြင့်ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေခဲ့ကြောင်း ၎င်းက ဆိုသည်။

ထို့ပြင် တိုင်းမ်မဂ္ဂဇင်းက ဉာဏ်ရည်တုနည်းပညာ ပေါ်ပေါက်လာမှုကြောင့် တိုးတက်လာသော လုပ်ငန်းခွင်၏ ကုန်ထုတ်စွမ်းအားနှင့် အဆင်ပြေမှုတို့အပြင် အလုပ်အကိုင်ဆုံးရှုံးမှုနှင့် ဉာဏ်ရည်တုနည်းပညာ သုံးစွဲမှုကို စွဲလမ်းခြင်းကဲ့သို့သော အပျက်သဘောဆောင်သည့် ရှုထောင့်များကိုလည်း ထည့်သွင်းဖော်ပြခဲ့သည်။

ဉာဏ်ရည်တုနည်းပညာသည် ချူကလီးယား




လက်နက်များ ထွန်းကားလာချိန်မှစ၍ အင်အားကြီးနိုင်ငံများအကြား အင်အားပြိုင်ဆိုင်မှုတွင် အကောင်းဆုံး ကိရိယာတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း ရေးသားထားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ဂါဇာဒေသ၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံများပြိုကျပြီး ၁၄ ဦးသေဆုံး

ဂါဇာစီးတီး ဒီဇင်ဘာ ၁၃

ဂါဇာဒေသ၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံများပြိုကျပြီး ၁၄ ဦး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ယနေ့ ပြောကြားသည်။

ဒီဇင်ဘာ ၁၀ ရက်မှ စပြီး မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိကြောင်းနှင့် အနည်းဆုံးနေအိမ် ၁၃ လုံး ပြိုကျခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။ သေဆုံးသူများတွင် အအေးမိဖျားနာသည့် ကလေးငယ်များ ပါဝင်သည်။

ဆိုးရွားသော ရာသီဥတုအခြေအနေကြောင့် ဒုက္ခသည်စခန်းများရှိ တဲ ၂၇၀၀၀ ကျော် ရေလွှမ်းသို့မဟုတ် ပျက်စီးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသခံများက အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော တဲများနှင့်



အဆောက်အအုံများတွင် နေထိုင်လျက်ရှိသည်။ ဂါဇာဒေသ၌ ဆောင်းရာသီတွင် မကြာခဏ မိုးရွာလေ့ရှိကြောင်း သိရသည်။

နယ်စပ် ဖြတ်ကျော်ဂိတ်များဖွင့်လှစ်ရန်နှင့် အမိုးအကာများ တည်ဆောက်ရန် လိုအပ်သည့် ပစ္စည်းများအပါအဝင် အရေးပေါ်ထောက်ပံ့မှုများကို ဝင်ရောက်ခွင့်ပြုရန်၊ အစ္စရေးအား ဖိအားပေးရန် အာဏာပိုင်များက နိုင်ငံတကာအသိုက်အဝန်းအား တိုက်တွန်းထားကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ဥဇဘက်ကစ္စတန်နိုင်ငံက ၎င်း၏ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၀၂၆ ခုနှစ်တွင် ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ လျှော့ချမည်

တာရှ်ကန့် ဒီဇင်ဘာ ၁၃

ဥဇဘက်ကစ္စတန်နိုင်ငံက ၎င်း၏ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၀၂၆ ခုနှစ်တွင် ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ လျှော့ချရန်စီစဉ်နေကြောင်း ယမန်နေ့တွင် ကြေညာခဲ့သည်။

ဥဇဘက်ကစ္စတန်၏ ဆင်းရဲမွဲတေမှုနှုန်းသည် ယခုနှစ်အစပိုင်းတွင် ၈ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး ယခုနှစ်ကုန်တွင် ၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားဖွယ်ရှိကြောင်းနှင့် လာမည့်နှစ်တွင် နောက်ထပ် ၄ ဒသမ ၅ ရာခိုင်နှုန်းအထိ လျှော့ချရန် ရည်မှန်းထားကြောင်း ဥဇဘက်ကစ္စတန် သမ္မတရုံး၏ ထုတ်ပြန်ချက်တစ်ခုအရ သိရသည်။

လူဦးရေ ၃၈ သန်းကျော်ရှိသော ဥဇဘက်ကစ္စတန်နိုင်ငံသည် ရေရှည်တည်တံ့သော အလုပ်အကိုင်များကို ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများတိုးချဲ့ခြင်း၊ ဝင်ငွေအရင်းအမြစ်အသစ်များ ဖန်တီးခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများပေးခြင်းနှင့် ဒေသခံများအကြား စီးပွားရေးဆိုင်ရာ စွန့်ဦးတီထွင်ခြင်းတို့ကို အားပေးခြင်းစသည့် လုပ်ငန်းများကို စီစဉ်ပေးလျက်ရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဆင်းရဲမွဲတေမှု လျှော့ချရေးလုပ်ငန်းစဉ်သည် နိုင်ငံလုံးဆိုင်ရာ လှုပ်ရှားမှုတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် ဆင်းရဲမွဲတေမှုပပျောက်ရန် ရည်မှန်းထားကြောင်း ဥဇဘက်ကစ္စတန် သမ္မတ ရှာဗ်ကတ်မာဇီယိုယက်ဗ်က ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# အမေရိကန်အစိုးရက ဒုက္ခသည်များနှင့် ခိုလှုံခွင့်ကြိုးပမ်းသူများအတွက် တရားဝင်နေထိုင်ခွင့်ကာလကို ယခင် ငါးနှစ်မှ ယခု ၁၈ လအထိ လျှော့ချမည်

ဝါရှင်တန် ဒီဇင်ဘာ ၁၃

အမေရိကန် လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များက နိုင်ငံတစ်ဝန်းရှိ ဒုက္ခသည်များနှင့် ခိုလှုံခွင့်ကြိုးပမ်းသူများအတွက် တရားဝင်နေထိုင်ခွင့်ကာလကို လျှော့ချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ဝါရှင်တန်ဒီစီတွင် အာဖဂန်အမျိုးသားတစ်ဦးက အမျိုးသားအစောင့်တပ်သားနှစ်ဦးအား သေနတ်ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားပြီးနောက် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

တရားဝင်အလုပ်လုပ်ကိုင်ခွင့်ကာလသည် ယခင်ငါးနှစ်အထိ သတ်မှတ်ထားရာမှ ယခု ၁၈ လအထိ လျှော့ချသတ်မှတ်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံသားနှင့် လူဝင်မှုကြီးကြပ်ရေးဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ပြည်နှင်ဒဏ်ပေးခြင်းခံထားရသည့် နိုင်ငံခြားသားများနှင့် အလုပ်လုပ်ကိုင်ခွင့် လျှောက်ထားမှုကို ဆိုင်းငံ့ခံထားရသူပေါင်း ၄၅၀၀၀၀ ခန့်သည် အဆိုပါစည်းမျဉ်း အပြောင်းအလဲအပေါ် သက်ရောက်မှုရှိမည်ဖြစ်ကြောင်း သည်နယူးယောက်တိုင်းမ်က သတင်းဖော်ပြသည်။

အမျိုးသားအစောင့်တပ်သား နှစ်ဦးအားပစ်ခတ်မှုပြီးနောက် လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများ တင်းကျပ်စွာပြုလုပ်ရန် လိုအပ်ကြောင်း အမေရိကန်နိုင်ငံသားနှင့် လူဝင်မှုကြီးကြပ်ရေးဌာန ဒါရိုက်တာ ဂျိုးဆက်အက်လိုက ပြောကြားခဲ့သည်။

ဝါရှင်တန်တွင် အမျိုးသားအစောင့်တပ်များ ဖြန့်ကျက်ချထားခြင်းသည် တရားမဝင်ကြောင်း ပြီးခဲ့သည့်လတွင် အမေရိကန်ခရိုင်တရားရုံးက ဆုံးဖြတ်ခဲ့သည်။

သို့သော် သမ္မတ ဒေါ်နယ်ထရမ့် အစိုးရက အယူခံဝင်ပြီးနောက် အဆင့်မြင့်တရားရုံးတစ်ရုံးက အဆိုပါတပ်ဖြန့်မှုဆိုင်ရာ အပြီးသတ်စီရင်ချက်ကို ဆိုင်းငံ့ထားရန် ယမန်နေ့တွင် ခွင့်ပြုခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ဗီယက်နမ်နိုင်ငံက ၂၀၄၅ ခုနှစ်တွင် လွတ်လပ်သော ကုန်သွယ်မှုဇုန် ၁၀ ခု ထူထောင်ရန်စီစဉ်

ဟန္နိုင်း ဒီဇင်ဘာ ၁၃

ဗီယက်နမ်နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၄၅ ခုနှစ်တွင် နိုင်ငံတစ်ဝန်း၌ လွတ်လပ်သော ကုန်သွယ်မှုဇုန် ၁၀ ခု အထိ ထူထောင်ရန် စီစဉ်နေကြောင်း အစိုးရပေါ်တယ်က သတင်းထုတ်ပြန်သည်။

နိုင်ငံ၏ မြောက်ပိုင်းဆိပ်ကမ်းမြို့ဖြစ်သည့် ဟိုင်ဖောင်၊ ဒါနန်းမြို့နှင့် တောင်ပိုင်းအချက်အချာကျသည့် ဟိုချီမင်းမြို့အပါအဝင် မြို့ကြီးများ၌ လွတ်လပ်သော ကုန်သွယ်မှုဇုန်များကို ၂၀၂၆ ခုနှစ်တွင် စတင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ယမန်နေ့တွင် ပြုလုပ်သည့် အစိုးရအဖွဲ့အစည်း



အဝေးတွင် ဘဏ္ဍာရေးဝန်ကြီးဌာနက အဆိုပြုပြောကြားခဲ့သည်။

၂၀၃၀ ပြည့်နှစ်တွင် လွတ်လပ်သော ကုန်သွယ်မှုဇုန် ခြောက်ခုမှ ရှစ်ခုအထိ ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ရည်မှန်းထားကြောင်း အဆိုပြုချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ၂၀၄၅ ခုနှစ်တွင် ကုန်သွယ်မှုဇုန်များအားလုံး ပေါင်းစည်းမှုမှ နိုင်ငံ၏ပြည်တွင်းအသားတင်ထုတ်လုပ်မှု၏ ၁၅ မှ ၂၀ ရာခိုင်နှုန်းအထိ ပံ့ပိုးပေးနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၁၁၆၉)၊ ၄ဝါလမ်းဟုခေါ်တွင်သော(၄၀'x၆၀')အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်မှာ ဒေါ်ဥမ္မာအောင်[၁၂/အစန(နိုင်)၁၀၅၁၄၇]မှ မိမိအမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပြီး၊ မိမိမှအပေါင်အနှံ၊ အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့် တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)**
**အမှတ်(၆၀)၊ စရည်းပင်လမ်း၊ (က) ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၁၄၁၄၁၊၀၉-၄၀၀၁၀၁၄၁၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-င၊ မြေကွက်အမှတ်-၅၁၊ ၂၄၀၀ စ/ပေ မြေကွက်တည်နေရာအမှတ်(၅၁)၊ သန္တာ(၈)လမ်း၊ (င)ရပ်ကွက်၊ ဦးအောင်ထွေး(CE-107948) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးအောင်ထွေး(ဖခင်)သည် (၆-၂-၂၀၀၀)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်သန်းညွန့်(မိခင်)သည် (၁၉-၁၁-၁၉၉၂)ရက်နေ့တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် ဦးသိန်းမြင့် [၁၂/ဥကမ(နိုင်)၀၈၇၃၇၅]၊ ဒေါ်သန်းသန်းနွဲ့[၁၂/ဥကမ(နိုင်)၁၀၀၂၃၈]တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သားနှင့်သမီးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်အမှတ်-၇/၂၆၇/၂၀၂၅/၇-၇-၂၀၂၅ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်း ဝင်စာအမှတ်-၁၂၈၆၀/၂၆-၁၁-၂၀၂၅ ရက်စွဲဖြင့် မြေပြင်ရှိ (၂)ထပ်တိုက်(၁)လုံးတွင် အခန်းများအား ငှားရမ်းထားခြင်းနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသည့်ကိစ္စအဝဝတို့မှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိတို့ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ်(ပ-၆)၊ ဦးပိုင်အမှတ်(၃၃)၊ ၆၀x၆၁ ကြား၊ ၄၃x၄၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒုတပ်ကြပ်မောင်ဖြူထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်(၂၄၁၈/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးစံယွန်း[၉/မရမ(နိုင်)၀၃၁၈၂၈] က အမှုတွဲအမှတ်(၄၃၇၇/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**အားကစားမြင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်**

**မူးယစ်ဆေး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၄၅)၊မြေကွက်အမှတ်(၂၂၅)၊ မြေတိုင်းလမ်း၊အကျယ်အဝန်း(၀. ၀၅၆ဧက)ရှိ ဦးဝေဖြိုးအောင်(၂/ဒမဆ(နိုင်)၀၃၀၂၃၅) ဒေါ်မေပန်းအိဖြူ(၂/လကန(နိုင်)၀၆၅၂၀၇)အမည်ပေါက်နှစ် ၆၀ ဂရန်မြေကွက်နှင့်နေအိမ် အကျိုးခံစားခွင့်များအားအမည်ပေါက်သူများကိုယ်တိုင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဝေဖြိုးအောင်၊ဒေါ်မေပန်းအိဖြူထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက် အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်၊ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊**

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်နိုင်ဇင်ဦး** L.L.B, D.B.L, D.I.P.L
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၅၆)**
အမှတ် (၁၀၅၁)၊ဖြူးစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း - ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ရန်ကုန်တိုင်း၊တောင်ဥက္ကလာပမြို့နယ်၊(၁၂)ရပ်ကွက်၊မိဂသီ(၂၁)လမ်း၊မြေကွက်အမှတ်(၁၇၀)၊ ပေါ်တွင်ဆောက်လုပ်ထားသည့် (၆)ထပ်တိုက်အဆောက်အဦး၏ စတုတ္ထထပ်၊၅ လွှာ၊ အကျယ်အဝန်း (၁၇ပေ×၅၀ပေ)ရှိ တိုက်ခန်းတစ်ခန်းနှင့်အကျိုးခံစားခွင့်များအား တရားဝင် ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရွှေမိ(၁၂/ဥကတ (နိုင်)၁၁၈၄၆၂)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်ရောင်းဘိုးငွေ၏တစိတ်တဒေသကိုပေးချေ ထားပြီးဖြစ်ပါ၍ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇) ရက်အတွင်းကန့်ကွက်နိုင်ပါသည်၊ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊**

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်နိုင်ဇင်ဦး** L.L.B, D.B.L, D.I.P.L
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၅၆)**
အမှတ် (၁၀၅၁)၊ဖြူးစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း - ၀၉ ၄၂၀၀၇၀၇၂၉၊

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ဝေသန္တာရာလမ်း၊ မြေကွက်အမှတ်(၈၇၉/က)၊ မြေအကျယ် (၂၀ ပေ x ၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးကျော်သိန်း [၁၂/လမန(နိုင်)၀၆၅၁၃၄] မှ တရားဝင်လက်ရှိရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းနိုင် [၉/ညဥန(နိုင်)၂၁၃၇၂၅]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြင့်ဇော်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၁၀)**
**ရုံးခန်း- အမှတ်(၉၄/၈၇/မဥ)၊ မြနန္ဒာဥယျာဉ်ကန်ရှေ့၊ ခေမာသီလမ်းမကြီး၊ (ဆ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်။ Ph: 09-420307568, 09-794744866**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် (၄)မြေညီထပ်၊ (တိုက်ကိုမျက်နှာမူလျှင်ညာဘက်) အကျယ်အဝန်း(၁၂ ½ x၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးမာ[၁၂/တမန(နိုင်)၀၃၂၅၉၁] ကိုင်ဆောင်သူထံမှ ကျွန်မ ဒေါ်လွင်လွင်မျိုး [၁၂/တမန(နိုင်)၀၉၈၁၇၄] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အရှုပ်အရှင်း၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ ရောင်းချထားခြင်း၊ အမွေဆက်ခံခြင်းစသောကိစ္စရပ်များအတွက် မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းတို့ဖြင့် ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လွင်လွင်မျိုး [၁၂/တမန(နိုင်)၀၉၈၁၇၄]**
**အမှတ်-၄၊ ပထပ်ညာ၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၇၆၀၃၆၊ ၀၉-၇၇၇၆၃၅၁၉၆**

## ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (၂၅)ကြိမ်မြောက် (နေ့သင်တန်း) နှင့် (အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (နေ့သင်တန်း)မှ (၂၀၂၄-၂၀၂၅) ပညာသင်နှစ်၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့စာမေးပွဲအောင်မြင်ထားသူများအတွက် (၂၅)ကြိမ်မြောက် (နေ့သင်တန်း) ဘွဲ့နှင်းသဘင်နှင့် အဝေးသင် သင်တန်းမှ ၂၀၂၅ ပညာသင်နှစ်၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲအောင်မြင်ထားသူများအတွက် (အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင်သို့ တက်ရောက်ဘွဲ့(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်း လျှောက်ထားနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့ဖြေဆိုအောင်မြင်ခဲ့သည့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာန (နေ့သင်တန်း) နှင့် အဝေးသင်ဌာန (အဝေးသင် သင်တန်း) တို့တွင် ရယူနိုင်ပါသည်။ ဘွဲ့နှင်းသဘင်လျှောက်လွှာတင်သွင်းခြင်းကို (၁၅-၁၂-၂၀၂၅) မှ (၉-၁-၂၀၂၆) ရက်နေ့အထိ (စနေ၊ တနင်္ဂနွေ အစိုးရ ရုံးပိတ်ရက်မပါ) ဆောင်ရွက်ကြရမည်ဖြစ်သည်။

၃။ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် လွန်ခဲ့သည့် (၃)လအတွင်း ရိုက်ကူးထားသည့် ၂ လက်မ x ၁ လက်မခွဲအရွယ် ဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ (သို့မဟုတ်)ထောက်ခံစာမိတ္တူ၊ နောက်ဆုံးနှစ် ကျောင်းသားကတ်မိတ္တူတို့နှင့် အတူလျှောက်ထားကြရမည် ဖြစ်ပါသည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ယူမည်ကို တိကျစွာဖော်ပြကြရမည်။ တက်ရောက်၍ ဘွဲ့ယူမည်ဟု လျှောက်ထားပြီးမှ တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့နှင်းသဘင် ကျင်းပပြီးသည့်နေ့မှစ၍ (၆)လ ကြာမြင့်ပြီးမှသာ ဘွဲ့လက်မှတ်များကို ထုတ်ပေးမည်ဖြစ်ပြီး အဝေးရောက်ဘွဲ့လက်မှတ်များကိုမူ ဘွဲ့နှင်းသဘင်ကျင်းပပြီးသည့်နောက်ပိုင်းမှစ၍ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၅။ ဘွဲ့လျှောက်ထားရာတွင် တင်သွင်းရမည့် ဓာတ်ပုံများသည် သပ်ရပ်စွာ ဝတ်ဆင်၍ ရိုက်ကူးထားသော ဓာတ်ပုံများဖြစ်ရမည်။

၆။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်မည့်အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ၊ မြန်မာတိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ မြန်မာတိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ရမည်။ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော်သည့် ဝတ်စားဆင်ယင်မှုများကို လုံးဝခွင့်ပြုမည်မဟုတ်ပါ။

၇။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ - ၁၅၀၀၀ိ/-(ကျပ်တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ - ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကြေးကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ငွေလက်ခံဌာနတွင်ဖြစ်စေ၊ ရပ်ဝေးမှပေးပို့လိုသူများအနေဖြင့် စာတိုက်ငွေပို့လွှာ ( Postal Money Order)ဖြင့် ဖြစ်စေ ခေတ္တပါမောက္ခချုပ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ လိပ်မူ၍ ပေးသွင်းနိုင်ပါသည်။ ငွေပို့လွှာတွင် ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အောင်မြင်ခဲ့သည့် ဘွဲ့၊ ခုနှစ်၊ လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာရပ်နှင့် နေရပ်လိပ်စာအပြည့်အစုံတို့ကို တိကျစွာဖော်ပြကြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၈။ ယခင်နှစ်များက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်အနေဖြင့်သာ လျှောက်ထားနိုင်ပါသည်။

၉။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အစီအစဉ်အသေးစိတ်ကို ထပ်မံကြေညာပါမည်။

၁၀။ အသေးစိတ်အချက်အလက်များကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာန (နေ့သင်တန်း) နှင့် အဝေးသင်ဌာန (အဝေးသင် သင်တန်း) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သက်သက်ဝေ**
**ဌာနမှူး၊ သင်တန်းရေးရာ**
**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်-၅၁၆-က၊ ဦးပိုင်အမှတ်-၁၅၄/၂၊ ကိုလံဘိုမြောင်းဘောင်လမ်း၊ အနောက်ဘက်နှင့် မင်္ဂလာကန်လမ်း၏ တောင်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမောင်ဝင်း[၁/မညန(နိုင်)၀၇၂၁၀၆]၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၂၅၅၆/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသီဟဦး[၉/မရတ(နိုင်) ၀၆၆၄၀၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း"

မောင်ဥက္ကာမြင့်[၁၂/ဒဂတ(နိုင်)၀၉၂၅၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မောင်ဥက္ကာမြင့်နှင့် မခင်မျိုးမြင့်သူ တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းရန်ဆန္ဒမရှိကြတော့သဖြင့် (၁၂-၁၁-၂၀၂၅)ရက်နေ့တွင် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်" ကို မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒအရ အသိသက်သေများဖြင့် ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် မောင်ဥက္ကာမြင့် နှင့် မခင်မျိုးမြင့်သူ တို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးအောင်ပြည့်ဖြိုး**
**အထက်တန်းရှေ့နေ (စဉ်-၅၅၅၄၁)**
**အမှတ် (၁၇)၊ ရတနာလမ်း၊ ဗျိုင်းရွာမရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉ -၂၅၄၀၅၁၄၃၄**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ မြို့မ(၁)ရပ်ကွက်၊ ကွင်းအမှတ်- ၅၉၀B (က)၊ မှော်ဘီရွာမကွင်း၊ ဦးပိုင်အမှတ် (၄၂/၁)၊ ဧရိယာ(၀.၁၀)ဧကရှိ နှစ်(၃၀)မြေငှားဂရန်ရရှိပြီး မြေကွက်နှင့် အဆောက်အဦအနက်မှ ခေါင်းရင်းဘက်ခြမ်းနှင့်ဆက်စပ်လျက်ရှိသော မျက်နှာစာ(အလျား ၂၂ ' ၆ "x အနံ ၁၅' ၂"/ ၁၅' ၄½" မြေနှင့် (၃)ထပ်အဆောက်အဦ/ ဆိုင်ခန်းအပါအဝင် အနောက်ဘက် အလျား ၁၉' ၆ " x အနံ ၆ '၉"/၆ ' ၄½ " ရှိ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူ ဦးသူရိန်ကျော် [၁၄/ကလန(နိုင်)၁၁၃၀၀၂] နှင့် ဒေါ်တူးစန္ဒီဆက် [၁၂/မဘန(နိုင်)၁၂၄၂၁၆]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သီတာချို [၁/ရကန(နိုင်)၀၃၉၇၅၉]သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ် (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်လင်းအေး (LL.B)** | **ဒေါ်သီတာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၉၇၃၁/၁၄)** | **(စဉ်-၁၈၇၈၀/၂၃)** |

**အခန်း-၃၊ (၇)လွှာ၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၀၇၂၁၈၅၊ ၀၉-၂၅၀၁၆၈၈၇၅**

## MMKH Co.,Ltd မန်နေဂျာ ဒေါ်မေသူဝေအား အလုပ်မှ ထုတ်ပယ်လိုက်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

MMKH Co.,Ltd ၏ မန်နေဂျင်းဒါရိုက်တာ Dr. သူလွင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာခဲ့ပါသည်-

ဒေါ်မေသူဝေ [၁၄/ဝခမ(နိုင်) ၁၄၄၇၈၃] သည် MMKH Co.,Ltd တွင် မန်နေဂျာတာဝန်အဖြစ် ခန့်အပ်လုပ်ကိုင်နေစဉ်အတွင်း Company အမည်ကိုအသုံးပြု၍ အလွဲသုံးစားပြုလုပ်ခြင်း၊ ကုမ္ပဏီ၏ခွင့်ပြုချက်မရှိဘဲ ကုမ္ပဏီပိုင်ပစ္စည်းများကို ၎င်းသဘောဖြင့်ရောင်းချခြင်း၊ ရရှိသည့်ငွေများကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်မပေးအပ်ခြင်း၊ ဝန်ထမ်းစည်းကမ်းများကို လိုက်နာမှုမရှိ အကြိမ်ကြိမ် ချိုးဖောက်ခြင်းများကြောင့် ၎င်းအား (၂၂-၁၁-၂၀၂၅) ရက်နေ့မှစ၍ ကုမ္ပဏီမှထုတ်ပယ်ခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကုမ္ပဏီမှ မသိရှိသော ဒေါ်မေသူဝေ ဆောင်ရွက်ခဲ့သည့်ကိစ္စများအဝဝကို ၎င်းနှင့်သာသက်ဆိုင်ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် မည်သည့်အကြောင်းကိစ္စကိုတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ထပ်လောင်းအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်တင်တင်အုန်း (LL.B.,CBL)** | **ဒေါ်ခိုင်မွန်မွန်မြင့် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၂၉၁)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၁၈)** |

**အမှတ်- ၅၀၊ ပ- ထပ်၊ အခန်း(D - ၁၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၀၇၂၂၀၀၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ မြေကွက်အမှတ်(၇၁၂)၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၇၁၂)၊ ဘုမ္မာလမ်း(၄)လမ်း၊ (ဈ)ရပ်ကွက်၊ ဒေါ်တင်မြ[၁၂/ဥကမ(နိုင်)၀၆၀၆၇၀]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်တင်မြ(မိခင်)သည် (၁၅-၁၂-၂၀၁၉)ရက်နေ့တွင် လည်းကောင်း၊ ဦးစိုး(ဖခင်)သည် (၁၂-၉-၁၉၈၆)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်မြစန်းဝေ၊ ဦးသန်းအေး [၁၂/ဥကမ(နိုင်) ၁၀၄၇၂၁]၊ ဒေါ်နီနီထွေး [၁၂/ဥကမ(နိုင်)၀၆၀၆၆၄]၊ သားသမီး(၃)ဦး မွေးဖွားခဲ့ရာ ဒေါ်မြစန်းဝေသည်(၂၁-၇-၂၀၂၃) ရက်နေ့တွင် အိမ်ထောင်မရှိ အပျိုကြီးဘဝဖြင့် ကိတ္တိမသား/သမီးများ မွေးစားထားခဲ့ခြင်း လုံးဝမရှိဘဲ ကွယ်လွန်ခဲ့သဖြင့် ဦးသန်းအေး၊ ဒေါ်နီနီထွေးတို့မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်သည့် သားနှင့်သမီးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်အမှတ်-၆/၁၄၁၃/၂၀၂၅/၂၃-၆-၂၀၂၅၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်း၊ ဝင်စာအမှတ်-၁၂၈၆၄ (၂၆-၁၁-၂၀၂၅) ရက်စွဲဖြင့် မြေပြင်တွင် (၂၀'x၆၀') အစိတ်အပိုင်းကို ဦးမြင့်သိန်းမှ အရပ်ကတိဖြင့် ဝယ်ယူပြီး မြေကွက်အမှတ်(၇၁၁)နှင့်ပေါင်း၍ အဆောက်အဦ အဖီဆွဲဆောက်လုပ်ထားခြင်းအား တွေ့ရှိခဲ့ရခြင်းအပေါ် မိမိတို့မှတာဝန်ပေးယူပါကြောင်း ဝန်ခံကတိတို့ပူးတွဲတင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၄/မြိုင်သာယာ)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀.၁၉၃)ဧကအနက်(၀.၀၉၁)ဧကရှိ မြေသည် ဦးသန်းမြင့်၊ ဦးစိုးလှိုင်နှင့် ဒေါ်အေးစန်းတို့ထံမှ ဦးမင်းခင်ဇော်သည်လည်းကောင်း၊ ဦးမင်းခင်ဇော်ထံမှ ဦးဖေသောင်းသည် လည်းကောင်း၊ ဦးဖေသောင်းထံမှ ဒေါ်အေးအေးမွန်သည် လည်းကောင်း၊ ဒေါ်အေးအေးမွန်ထံမှ ဦးချစ်သန်းသည် လည်းကောင်း အောက်ခြေစာချုပ်အဆင့်ဆင့်ဖြင့် ရောင်းချခဲ့ကာ ဦးချစ်သန်းမှ သားဖြစ်သူ ဦးသက်နိုင်ဦးအား လည်းကောင်း၊ ဦးသက်နိုင်ဦးမှ ဒေါ်ဆန်းသက်အောင်သို့ ပေးကမ်းခဲ့သဖြင့် ဒေါ်ဆန်းသက်အောင်မှ ပိုင်ဆိုင်လာပြီး ဒေါ်ဆန်းသက်အောင်ထံမှ ဦးနိုင်လင်းထွန်းသည် လည်းကောင်း၊ ဦးနိုင်လင်းအောင်ထံမှ ဦးထွန်းလွင်သည်လည်းကောင်း၊ ဦးထွန်းလွင်ထံမှ ဦးရဲခေါင်သည်လည်းကောင်း အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်လာပြီး ဦးရဲခေါင်အမည်ဖြင့် နှစ်ရှည်မြေငှားဂရန် သက်တမ်းတိုး အမည်ပြောင်းချထားပေးပါရန် ဦးရဲခေါင်မှ မြေငှားဂရန်စာချုပ်မိတ္တူ၊ ကျမ်းကျိန်လွှာ၊ အရောင်းအဝယ်စာချုပ် မိတ္တူများ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)တို့နှင့်အတူ လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်နေ့ရက်မှစတင်၍ (၁၅)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ဤရုံးသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက်တစ်စုံတစ်ရာမရှိပါက ဦးရဲခေါင်၏ လျှောက်ထားချက်အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင် - မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၆)ရပ်ကွက်၊ ရွှေသဇင်လမ်း၊ အမှတ်(၁၆၆၇/က)၊ (၁၀x၆၀)ပေ RCနှစ်ထပ် အမျိုးအစား အိမ်၊ ခြံ၊ မြေအား တရားဝင်လက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးချစ်ကိုကို [၁၂/သကတ(နိုင်) ၁၆၀၀၁၆]ထံမှ ကိုဟန်လင်း (ဘ) ဦးသန်းစိုး [၁၄/မမက(နိုင်) ၁၈၈၆၁၉] ကိုင်ဆောင်သူမှအပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာစာ ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပြီး သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လီလီနော်ရစ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၆၆၇)**
**အမှတ်- ၁၇၁၊ နေကြာလမ်း၊ (၁၅)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၇၇၅၇၀၀၉၂၄**

## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ စိမ်းလဲ့မေရိပ်သာလမ်း၊ (၇)ရပ်ကွက်၊ အခန်းအမှတ်(၆၀၁)၊ (၆လွှာ) Avenue 18 ကွန်ဒိုမီနီယံတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

အထက်လိပ်စာပါ ကွန်ဒိုတိုက်ခန်းကို ဦးနေဦး [၁၂/မဘန(နိုင်)၀၇၄၂၀၆]၊ ဒေါ်တင်ဇာမော် [၁၂/အလန(နိုင်)၀၃၃၀၀၁]၊ ဒေါ်ဇင်မာထွန်း [၁၂/အလန(နိုင်) ၀၃၃၀၀၂]တို့ (၃)ဦးက မိမိတို့ တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ဒေါ်မီမီထွန်း [၁၂/သဃက (နိုင်)၀၈၇၈၇၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် ကွန်ဒိုတိုက်ခန်း တန်ကြေးငွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှု မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက် ပါသည်။

**ဒေါ်မီမီထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်ဝင်း (သန်လျင်)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၂၇၆၅)**
**အမှတ်- ၂၄၀၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၉၆၅၅၂၄၄၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆောက်တောဝရပ်ကွက်၊ အကွက်အမှတ် (၅၈၀)၊ ဦးပိုင်အမှတ် (၁-ဇ/၆)၊ ၆၇ လမ်းနှင့် ထုံးဘို မြစ်ငယ်လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူဦးအောင်နေလင်း၏ [SP ရရှိသူ ဒေါ်စန်းစန်းနိုင်(ခ)စန်းစန်းလှိုင်]ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ် (၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ဝင်း [၅/ ကသန(နိုင်) ၀၅၃၃၀၆]က အမှုတွဲအမှတ် (၄၃၈၂/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေဂွမ်းထုပ်ရပ်ကွက်၊ အကွက် အမှတ် (၅၉၅/၂)၊ ဦးပိုင်အမှတ် (၅)၊ တောင်တမန်ကန်ပတ်လမ်း၊ ကွမ်းသီးတန်းလမ်းနှင့် ဇွန်ပန်းလမ်းကြားရှိ မြေကွက်တွင် အစဉ်တစိုက် နေထိုင်သော ဒေါ်စန္ဒာဝင်း [၉/တတဥ(နိုင်)၁၀၅၇၁၀]က အမှုတွဲအမှတ် (၄၃၈၉/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ပြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက် အမှတ် (လလ-၁၇)၊ ဦးပိုင်အမှတ် (၆၃)၊ ၆၅x၆၆ ကြား၊ ၁၄၁x၁၄၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမွတ္တား(ခ) စိန်မွတ္တားထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၅၀၄/၂၀၂၅)ဖြင့် ဝယ်ယူ ခဲ့သူ ဒေါ်အိရတနာဖြိုး [၁၃/နစန(နိုင်) ၀၃၇၃၅၂]က အမှုတွဲအမှတ် (၄၃၈၆/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၁၈)၊ ဦးပိုင်အမှတ် (၈၂) ခဲစင်း၊ ၆၃ လမ်း၊ ၁၃၃x၁၃၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ကျောဟိုး၊ ဦးကျော်မျိုးထွန်းတို့၏ (GP ရရှိသူ ဒေါ်ဖြိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၁၀၆/ ၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အုန်းအုန်းသန်း [၉/မနမ(နိုင်) ၀၁၃၄၂၁]က အမှုတွဲအမှတ် (၄၃၈၇/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၃)၊ ဆည်တော်လမ်း၊ မြေကွက်အမှတ်(၈၉၈)၊ **ဦးသိန်းဟန်** အမည်ပေါက် နှစ်(၆၀) ဂရန်မြေ (၄၀x၆၀)ပေအနက်မှ ခြေရင်းခြမ်းမြေကွက်ဖြစ်သော အိမ်အမှတ် (၈၉၈/ရ)ခေါ်တွင်သည့် အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်တွင်ဆောက်လုပ်ထားသော (၂)ထပ်တိုက်နေအိမ်တစ်လုံး၊ ရေ မီးအပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို အဆက်စပ်စာချုပ်များဖြင့် ဂရန်မိတ္တူလက်ဝယ်ထားရှိသူ **ဒေါ်ခိုင်ခိုင်ဝင်း(ခ) ဒေါ်နီလာခင်** [၁၂/မရက(နိုင်)၀၃၈၉၁၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးကျော်ကျော်** [၁၂/ဥကတ(နိုင်)၁၁၁၀၁၂]က **(၉-၁၂-၂၀၂၅)ရက်စွဲဖြင့် "မြေနှင့်အိမ် အရောင်း အဝယ် စရန်ပေးကတိစာချုပ်"**ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ် တစ်ဒေသကိုပေးချေ၍ ဝယ်ယူထားပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လို ပါကခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြေညာ ပါသည့်နေ့မှ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။

**ဦးကျော်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုသိင်္ဂီအောင် (LL.B, D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ်- ၅၅၉၀၉)**
**၀၉-၂၅၀၀၅၁၆၈၅၊ ၀၉-၇၉၅၄၂၉၆၂၅**

## "ကုန်အမှတ်တံဆိပ်အမည်နှင့် အမှတ်အသားအား အသိပေးကြေညာခြင်း"

"ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင် မီးရထားဝင်း တိုက်(၃)၊ အခန်း(၃၁)နေသူ ဒေါ်ခိုင်ခိုင်စန်း [၁၂/မဂတ(ပြု) ၀၀၀၉၃၀]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား ကို ရန်ကုန်မြို့တော်စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် တင်သွင်းထား သည့် အမှတ်တံဆိပ်ဖြစ်ပါသည်-




**မှတ်ပုံတင်စာချုပ်အမှတ် - ၁၀၅၂၈ /၂၀၂၅ (၂၆- ၁၁- ၂၀၂၅)**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို **KZ** ချည်ချောလုံချည်နှင့် အမျိုးသား၊ အမျိုးသမီးဝတ်အထည်အမျိုးမျိုးအမည်ဖြင့် ပုဆိုး၊ အင်္ကျီ၊ ကျားဝတ်၊ မဝတ် အင်္ကျီအစရှိသည့် အထည်အမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ပလတ်စတစ်အိတ်၊ စက္ကူအိတ်၊ လက်ဆွဲအိတ်များပေါ်တွင် **KZ** ချည်ချောလုံချည်အမှတ်အသားတံဆိပ်ဖြင့် ရိုက်နှိပ်၍၊ ကပ်နှိပ်၍၊ ဖိနှိပ်၍၊ တံဆိပ်ပြုကာ အသုံးပြုထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မည်သူမဆို အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို ဒေါ်ခိုင်ခိုင်စန်း၏ ခွင့်ပြုချက်မရဘဲ မှိုင်မြမ်းခြင်း၊ တုပခြင်း၊ ဆင်တူယိုးမှားသုံးစွဲ ခြင်း၊ တစ်နည်းနည်းဖြင့်အသုံးပြုခြင်း၊ ဈေးကွက်အတွင်း တရားမဝင် ရောင်းချခြင်းတို့ကိုပြုလုပ်ပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ခိုင်စန်း**
**[၁၂/မဂတ (ပြု) ၀၀၀၉၃၀]**
**Ph: 09-956951432**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အနောက် ရပ်ကွက်၊ အကွက်အမှတ်(၄၀၃)၊ ဦးပိုင်အမှတ်(၂၃)၊ ၄၁ လမ်းနှင့် အောင်ရတနာ လမ်းကြား၊ သားသတ်ရုံလမ်းရှိ ဂရန်မြေကွက်အား အမည်ပေါက်သော ဥက္ကဋ္ဌ၊ အမှတ်(၇) စားသုံးသူသမဝါယမအသင်းကိုယ်စား ဦးလှမြင့် [၉/မနတ (နိုင်) ၀၈၇၇၆၈]က ဂရန်မူရင်းမှာ ရေစိုပျက်စီးသွားပါသဖြင့် ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ အမည်ပြောင်း၊ သက်တမ်းတိုးရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက် ရပ်ကွက်၊ အကွက်အမှတ်- ၂၂၉၊ ဦးပိုင်အမှတ်- ၅၁-ခ/၂၆x၂၈ လမ်း ကြား၊ ၉၀ x ၉၁ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်နော် ချိုချို [၉/မနတ(နိုင်)၀၇၈၃၉၃]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်-(၄၁၇)၊ ဦးပိုင်အမှတ်- ၉၇-လ/၂/၁၉x၂၂ လမ်းကြား၊ ၅၈လမ်းx မြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဖခင် ဦးကျော်ကျော် [၉/မနတ(နိုင်) ၀၃၃၅၆၈]မှ သမီးအရင်းဖြစ်သူ ဒေါ်မေ သင်းထက်အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်- ဥယျာဉ်တန်း (ဂ)၊ ဦးပိုင်အမှတ် ၇-က၊ ၃၆x၃၇ ကြား၊ ၆၄x၆၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်စောမွန် [၅/ငဇန(နိုင်) ၀၀၁၇၈၁]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၃၃၁/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးခမ်းစိန်(ခ)ယာဝင်း [၅/ခတန (နိုင်) ၀၀၄၁၂၆]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ်- ဒ-၃၊ ဦးပိုင် အမှတ်- ၇၅/၆၃x၆၄ လမ်းကြား၊ ၃၇x၃၈ လမ်းကြားရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဦးကျန်းဖ [၁၃/တယန (နိုင်) ၀၁၅၃၈၄]၊ ဒေါ်ဆင်းသိင်္ဂီ [၁၂/ ဒဂတ(နိုင်) ၀၂၆၃၀၅]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆို ရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေ မြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်(ခ-၁)၊ ဦးပိုင် အမှတ်-၉၅၊ ၄၁ လမ်းနှင့်၆၈ လမ်း ထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးစိန်ခိုင် [၉/မဟမ (နိုင်) ၀၉၄၅၃၇]၏ (GP ရရှိ သူ ဒေါ်ခင်ဝင်း [၉/ မဟမ(နိုင်) ၀၈၇၅၉၇]) က ၎င်းကိုယ်တိုင်နှင့်အတူ အမှု တွဲအမှတ်(၄၃၇၁/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက် ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

ဥတု
ရာသီ
တောကို
မှီ၏

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၉/က)၊ မြေကွက်အမှတ်(၁၂၀/က)၊ သီရိမာလာလမ်း၊ အကျယ်အဝန်း (၂၁ပေx ၆၀ပေ)၊ (၁၂၆၀)စတုရန်းပေ၊ ဧရိယာ (၀.၀၂၉)ဧကရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဒေါ်နိုင် နိုင်မော်** [၁၂/ဒဂတ(နိုင်) ၀၀၀၃၅၈] အမည်ပေါက်တည်ရှိပြီး အမည်ပေါက် ကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်စုငြိမ်းအေး** [၁၃/တခလ(နိုင်)၀၇၂၆၂၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါ သည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

